ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ တနင်္လာနေ့ (22 - 4 - 2013) (၇၄၅၈)

ဆိပ်ကမ်းဖွံ့ဖြိုးရေး ဆိပ်ခံတံတား ၁၄ စင်း တိုးချဲ့မည် သင်္ဘောကြီး ၃၂ စင်းအထိ ဆိုက်ကပ်နိုင်

ရန်ကုန် ဧပြီ ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ယမန်နေ့ညနေပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောကြီးများ ပင်ရောက်ဆိုက်ကပ်မှု၊ ကုန်ကိုင်တွယ်နိုင်မှု၊ ဝင်ငွေရရှိမှုအခြေအနေနှင့် ရန်ကုန်ဆိပ်ကမ်းတိုးချဲ့တည်ဆောက်ရေးအတွက် CONCEPTUAL PLAN တို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောကြီး ၁၈ စင်း ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၀၈ စင်းရှိပြီး နောင်တွင် ဆိပ်ခံတံတား ၁၄ စင်း တိုးချဲ့တည်ဆောက်နိုင်မည်ဖြစ်၍ သင်္ဘောကြီး ၁၄ စင်း တိုးချဲ့ဆိုက်ကပ်လာနိုင်မည်ဖြစ်ရာ စုစုပေါင်းဆိပ်ခံတံတား ၃၂ စင်းရှိပြီး နိုင်ငံခြားသင်္ဘောကြီး ၃၂ စင်းထိ ဆိုက်ကပ်လာနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကိုင်တွယ်မှုအနေဖြင့်လည်း

စာမျက်နှာ ၈ ကော်လံ ၀ သို့ ☆

မန္တလေးမြို့နေပြည်သူများအား ရေပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဧရာဝတီမြစ်ရေ အသုံးပြုရေသန့်စင်စက်ရုံ တည်ဆောက်ပြီးစီး

မန္တလေး ဧပြီ ၂၁

မန္တလေးမြို့နေပြည်သူများအား ရေပိုမိုဖြန့်ဖြူးဝေနိုင်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ မန္တလေးမြို့ဝတ်ကမ်းနားလမ်း (၁၆)လမ်းနှင့် (၁၉)လမ်းကြားတွင် ဧရာဝတီမြစ်ရေကို အသုံးပြု၍ မြို့ရေပေးဝေနိုင်သော ရေသန့်စင်အဆောက်အအုံများနှင့် အမှတ် (၈)ရေတွန်းစက်ရုံသို့ ၂၀၁၃ ခုနှစ် မတ်လက တည်ဆောက်ပြီးစီးခဲ့သည်။ ဧပြီလဆန်းမှစတင်ကာ ဧရာဝတီမြစ်များ ရေစုပ်စက်ကြီးများဖြင့် စုပ်ယူပြီး သန့်စင်ကာ ရေပိုက်လိုင်းများဖြင့် မန္တလေးတောင်ပေါ်ရှိ ရေလှောင်ကန်များသို့ ရေတင်စက်ကြီးများဖြင့် တွန်းပို့၍ ဖြန့်ဖြူးပေးလျက်ရှိသည်။

မန္တလေးတောင်ပေါ်ရှိ ရေလှောင်ကန်များမှတစ်ဆင့် ရေပိုက်လိုင်းများဖြင့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်များရှိ ရပ်ကွက်များသို့ သောက်သုံးရေများပိုမိုဖြန့်ဝေပေးနိုင်သည်။ ဧရာဝတီမြစ်ရေအနည်ကျရေသန့်စင်အဆောက်အအုံရေလှောင်ကန်များမှ ရေများအား အမှတ် (၈)ရေတွန်းစက်ရုံနှင့် အမှတ်(၁) ဓလွန်ရေတွန်းစက်ရုံတို့ ချိတ်ဆက်ကာ ရေပိုက်လိုင်းများသို့ ရေများတွန်းပို့စနစ်ဖြင့် ဝေဝိုကာ ရေအရနည်းသော မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ် ရပ်ကွက်များသို့ ရေများဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မောင်မြည်သူ (မန္တလေး)

ဂျပန်လက်ရွေးစင် ယူ-၁၅ အသင်း မြန်မာခြေစမ်းခရီးစဉ် နိုင်ပွဲဖြင့်အဖွင့်လှခဲ့

ဇော် မင်း အောင်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံသို့ခြေစမ်းပွဲများကစားရန် ရောက်ရှိနေသော ဂျပန်လက်ရွေးစင် ယူ-၁၅ အသင်းသည် ယမန်နေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာလက်ရွေးစင် ယူ-၁၈ (ခ) အသင်းနှင့် ပထမဆုံးခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျပန်လက်ရွေးစင် ယူ -၁၅ အသင်းသည် လာမည့်ကမ္ဘာ့အဆင့်ပြိုင်ပွဲ အသီးသီးအတွက် ရည်ရွယ်ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး တစ်ဦးချင်းအခြေခံကောင်းမွန်သော ကစားသမားများဖြင့် စုဖွဲ့ထားသည့် အသင်းတစ်သင်းဖြစ်သည်။ မြန်မာလက်ရွေးစင် ယူ-၁၈ (ခ) အသင်းမှာ နည်းပြ ဦးညီညီလတ်၊ ဦးသန်းဝေတို့ လေ့ကျင့်ပေးနေသော အသင်းဖြစ်ပြီး ကစားသမားများအား ဘောလုံးကျွမ်းကျင်မှုသာမက အသက်

စာမျက်နှာ ၈ ကော်လံ ၀ သို့ ○

လူမှုကွန်ရက်မီဒီယာအလွန်အကျွံအသုံးပြုသည့် အိမ်ထောင်ရှင်များ အိမ်ထောင်ရေးထိခိုက်နိုင်

ဘာသာပြန်-အေဝမ်းစိုး

အင်တာနက်မှ လူမှုကွန်ရက်သတင်းမီဒီယာများဖြစ်သည့် ဖေ့စ်ဘွတ်ခ်၊ တွစ်တာအစရှိသည့် လူမှုရေးစာမျက်နှာများတွင် မိတ်ဆွေသူငယ်ချင်းပေါင်းများစွာနှင့် အလွန်အကျွံပြောဆိုဆက်သွယ်မှုပြုလုပ်သူ အိမ်ထောင်ရှင်များအနေဖြင့် အိမ်ထောင်ရေးထိခိုက်နိုင်ကြောင်း အိမ်ထောင်သားမွေးမှုဆိုင်ရာ လေ့လာနေသူ ဗြိတိသျှသုတေသီတစ်ဦး၏ အဆိုအရ သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်အသစ်တွင် တရားဝင်လက်ထပ်ထားသည့် ဇနီးမောင်နှံစုံတွဲပေါင်း ၂၄၀၀၀ ကျော်ပါဝင်ပြီး ၎င်းတို့အား ဆက်သွယ်ရေးသတင်းမီဒီယာ ၁၀ ခုအသုံးပြုကာ လေ့လာခဲ့ခြင်းဖြစ်ကြောင်း အော့စ်ဖို့ဒ်တက္ကသိုလ် အင်တာနက် အင်စတီကျူ့မှ ဘာနီဟိုဂန်က ပြောကြားသည်။ ယင်းသို့လေ့လာရာတွင် လူမှုကွန်ရက်သတင်းစာမျက်နှာများကို အလွန်အကျွံအသုံးပြုသူများသည် အိမ်ထောင်ရေးသုခသာယာမှုမရှိတော့ကြောင်း၊ အချို့မှာ အိမ်ထောင်ရေးသာယာမှု လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း ဟိုဂန်က ဆက်လက်ပြောကြားသည်။

ဟိုဂန်က အိမ်ထောင်ရေး သံယောဇဉ်ခိုင်မာသည့် ဇနီးမောင်နှံများကြား အမျိုးမျိုးသော ဆက်သွယ်ရေးသတင်းမီဒီယာများ ချိတ်ဆက်အသုံးပြုသည့် နည်းလမ်းကိုစမ်းသပ်လေ့လာခဲ့ရာ ခိုင်မာအားကောင်းသည့် အိမ်ထောင်ရေး သံယောဇဉ်၏ သင်္ကေတအမှတ်အသားဖြစ်သော ချစ်ခြင်းမေတ္တာကို ရှာဖွေတွေ့ရှိခဲ့သော်လည်း လူအနည်းစုသာဖြစ်ကြောင်း၊ အများစုမှာ အိမ်ထောင်ရေးကိုထိခိုက်နိုင်သည့် အကျိုးဆက်များသာဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါသုတေသနပြုလေ့လာတွေ့ရှိချက်ကို ဟိုဂန်က ဗြိတိသျှစိတ်ဓာတ်ရေးရာ လူမှုအဖွဲ့အစည်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် ထုတ်ဖော်တင်ပြခဲ့ခြင်းဖြစ်သည်။ (လိုက်ဆိုင်းရင်)

ယနေ့ မာတိကာ

ဆေးဇက်ဖင်သည်ဟု အယူသီးမှုကြောင့် သင်းခွေချပ်ဈေးကွက် ကျယ်ပြန့်လာ — စာမျက်နှာ - ၁၁

ဘုရင့်နောင်ခုံးကျော်တံတား လမ်းလွှဲများ ဖောက်လုပ်ပြီးစီး — စာမျက်နှာ - ၁၁

ကြိုးကြာငှက်ရပ်ခေါက်ပြိုင်ပွဲ ကမ္ဘာ့ဂင်းနစ်စံချိန်သစ်တင် — စာမျက်နှာ - ၁၂

ဒဗလျူဘီအို လိုက်ဟဲဗီးဝိတ် ချန်ပီယံအဖြစ် ကလီဟာလီ ရပ်တည် — စာမျက်နှာ - ၁၃

ကြေးမုံ စာတည်းရှေ့ထောင့် ၂၂-၄-၂၀၁၃ [တနင်္လာနေ့]

ကောင်းမွန်သောအလုပ်ကိုရွေးချယ်

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီ ဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် နှစ်သစ်ကူးပွဲတော်ကာလ အတွင်း နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ အလုပ်အကိုင်သစ်များဖြင့် နိုင်ငံသစ်ကို ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်။

နှစ်သစ်ကူးအတာသင်္ကြန်ကာလတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များကို သင်ခန်းစာယူပြီး ပြည်သူများကလည်း စည်းကမ်းလိုက်နာ၊ တာဝန်ရှိသူများဘက်ကလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် အကျည်းတန်အရုပ်ဆိုးသည့် အမြင်မတင့်ဖွယ်ဖြစ်ရပ်များ ယခင်နှင့်မတူ လျော့နည်းပါးလျားသွားသည်ဟု အကြမ်းဖျင်းဆိုရမည်ဖြစ်သည်။

မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မီဒီယာများမှ တစ်ဆင့် အသိပေးနှိုးဆော်မှုများကို ကြိုတင်ဆောင်ရွက်ခဲ့ကြသလို ပွဲတော်ကာလအတွင်း၌လည်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျ ပျော်ရွှင်မှုဖြစ်စေရန် ကြပ်မတ်ထိန်းကျောင်းပေးကြသောကြောင့် ယခင်နှစ်ထက် မှုခင်းများလျော့နည်းသွားသည်ဟု ဆိုနိုင်သော်လည်း သိသိသာသာ လျော့နည်းခြင်းမရှိချေ။

လူတို့၏ အတွင်းအဇ္ဈတ္တသဘောမှာ မကောင်းမှုတွင် ပျော်မွေ့တတ်သည့်သဘောရှိပေသည်။ အပျော်ကြူး၍ စိတ်အလိုလိုက်မှုများနှင့် စည်းကမ်းလိုက်နာမှု အားနည်းချက်တို့ကြောင့် အချို့နေရာဒေသများတွင် မှုခင်းဖြစ်ပွားမှု ပိုမိုခဲ့သည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံ၌ ယခုနှစ် နှစ်သစ်ကူးကာလအတွင်း လူသတ်မှု သုံးမှု၊ ယာဉ်တိုက်မှု ၂၂ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၅၆ မှု၊ ဝတ္ထုရားနှောင့်ယှက်မှု သုံးမှု၊ မူးယစ်ရမ်းကားမှု ၂၂ မှု၊ ခါးပိုက်နှိုက်မှု ၃၉ မှု၊ ကာယိန္ဒြေဖျက်ဆီးမှု ငါးမှု၊ သေမှုသေခင်း ၁၀ မှု၊ မီးရှို့မှု တစ်မှု၊ လက်နက်ကိုင်ဆောင်မှု ခြောက်မှု၊ အခြားအမှု ၁၀ မှု စုစုပေါင်း အမှု ၁၇၇ မှု ဖြစ်ပွားခဲ့ပြီး လူ ၃၂ ဦးသေဆုံးကာ လူ ၁၉၁ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပေသည်။

ယမန်နှစ် နှစ်သစ်ကူးပွဲတော်ကာလတွင် မှုခင်းစုစုပေါင်း ၁၉၂ မှု ဖြစ်ပွားခဲ့ပြီး ရစ်ဦးသေဆုံးကာ ၁၆၆ ဦး ဒဏ်ရာရရှိခဲ့ပေသည်။ ထို့ကြောင့် မှုခင်းဖြစ်ပွားမှု မဆိုစလောက် လျော့နည်းခဲ့သည်ဟု ဆိုနိုင်သော်လည်း လူသေဆုံးမှုမှာ ယမန်နှစ်ကထက် လေးဆပိုများခဲ့ပြီး ဒဏ်ရာရရှိမှုပိုခဲ့ခြင်းက မကောင်းမှုပြုလွယ်သော ကလိယုဂ်ကာလဟု ဆိုရမလိုဖြစ်သည်။

ဒဏ်ရာရရှိမှုတွင် ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့မှာ ပိုများခဲ့သဖြင့် ဖြစ်ပြီးသမျှတို့ကို သင်ခန်းစာယူကာ မိမိတို့၏ လောဘ၊ ဒေါသ၊ မာန်မာနတို့ကို ချိုးနှိမ်ထားကြရမည်ဖြစ်သည်။ ဆရာသမားမိဘတို့၏ အဆုံးအမတို့ကို နာယူကြရမည်ဖြစ်သည်။

လောကတစ်ခွင် ထာဝရငြိမ်းချမ်းသာယာစေချင်သည်မှာ လူတိုင်း၏ အလိုဆန္ဒဖြစ်သည်။ အကျည်းတန်အရုပ်ဆိုးသည့် ပတ်ဝန်းကျင်၊ မနှစ်မြို့ဖွယ်ရာ ရုပ်ဝန်းတို့ကို မည်သူမျှအလိုရှိမည်မဟုတ်ချေ။ အားလုံးမှာ အေးချမ်းစွာ နေထိုင်ချင်ကြသဖြင့် မကောင်းမှုသို့ တွန်းပို့တတ်သည့် အရာမှန်သမျှကို သတိပြုကြရမည်ဖြစ်သည်။ ကာလ၊ ဒေသ၊ ပယောဂတို့ကို နှိုင်းယှဉ်ချိန်ဆနေကြရမည်ဖြစ်သည်။ ဘေးပယောဂတွန်းအားပေးမှုကြောင့် မဖြစ်သင့် မဖြစ်ထိုက်သည်တို့ မဖြစ်ပွားအောင် ဆင်ခြင်ရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အပျော်လွန်၊ အမိုက်ကဲမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် မနှစ်မြို့ဖွယ်ရာများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် မိမိအတွက်၊ မိမိတိုင်းပြည်အတွက် ကောင်းမွန်သော အမှုများကိုသာ ရွေးချယ်လုပ်ကိုင်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

တရုတ်-အာဆီယံ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် တက်ရောက်

နေပြည်တော် ဧပြီ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ကွမ်ရှီးဆေးတက္ကသိုလ် (Guangxi-Medical University) သို့ သွားရောက်လေ့လာပြီး ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့အား တွေ့ဆုံ၍ ကွမ်ရှီးဆေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များအကြား ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်များ စေလွှတ်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် ကွမ်ရှီးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ တိုင်းရင်းဆေးကုသရေးဌာနနှင့် အထူးကြပ်မတ် ကုသဆောင်များသို့ သွားရောက်လေ့လာသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ယုလင်မြို့ (International Convention and Exhibition Center) ၌ ကျင်းပသော တရုတ်-အာဆီယံ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အာဆီယံနိုင်ငံများကိုယ်စား မိန့်ခွန်းပြောကြားရာ တရုတ်-အာဆီယံ နိုင်ငံများကြား တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန် အမှီသဟဲဖြစ်လျက်ရှိကြောင်း၊ တရုတ်-အာဆီယံ နိုင်ငံများကြား လွတ်လပ်စွာကုန်သွယ်ရေးဇုန်များ သတ်မှတ်ပေးခြင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ ညီလာခံများနှင့် ကုန်သွယ်မှုဆိုင်ရာ ပြပွဲများ နှစ်စဉ်ကျင်းပနိုင်ခဲ့သည့်အတွက် တိုင်းရင်းဆေးကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးသည် ပိုမိုအရေးပါသည့်နေရာသို့ ရောက်ရှိလာခဲ့ပြီး ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် Natural Medicine များ ပိုမိုသုံးစွဲလာသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ၁၉၇၈ ခုနှစ်မှစ၍ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများအား ကျေးလက်တောရွာများအထိ ရောက်ရှိအောင် ၂၀၀၇ ခုနှစ်မှစ၍ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ဖြန့်ပေးပေးလျက်ရှိကြောင်း ပြောကြားပြီး 2013 China-ASEAN Traditional Medicine Expo ပြပွဲကို ကြည့်ရှုလေ့လာခဲ့သည်။

အစည်းအဝေးအပြီးတွင် တရုတ်တိုင်းရင်းဆေးဆိုင်ရာ ကော်မရှင်နာ မစ္စတာ ဝမ်ဂိုကျင်း (Wang Guoqiang, Former Vice-Minister of Ministry of Health and Commissioner of State Administration of Traditional Chinese Medicine, P. R China) အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တိုင်းရင်းဆေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးတွင်းကာလ ရေလျှံမှုများမဖြစ်ပေါ်စေရေး ရန်ကုန်မြို့တွင် ကြိုတင်ကာကွယ်ရန်လိုအပ်

ရန်ကုန် ဧပြီ ၂၁

မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့လယ်ရှိ မြို့နယ်တချို့တွင် မိုးရွာသွန်းမှုရှိခဲ့ကြောင်း၊ မကြာမြင့်သောလပိုင်းအလိုတွင် မုတ်သုံမိုးဝင်ရောက်ရန်ရှိရာ မိုးရာသီတွင်ကြုံတွေ့ရမည့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်မှု နည်းရန် ယခုအချိန်ကတည်းက ကြိုတင်စီမံချက်ဆွဲ၍ နေရာအလိုက်လုပ်ဆောင်ပေးလျှင် နှစ်စဉ်ကြုံတွေ့ရသော ရေကြီးရေလျှံမှုများ နည်းသွားနိုင်မည်ဟု ရန်ကုန်မြို့တွင်းနေသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း နေရာအများအပြားတွင် ရေမြောင်းများ၊ မြစ်ရေထွက်ပေါက်များ ပိတ်ဆို့မှုများဖြစ်တတ်ရာ မိုးရာသီမရောက်မီ ရှင်းလင်းပေးရန် အထူးလိုအပ်နေကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် ရေမြောင်းပိတ် ရေလျှံရသည်ဟု နှစ်စဉ်ပြောဆိုနေခြင်းထက် မိုးရာသီမတိုင်မီ လူနေရပ်ကွက်အတွင်းရှိ ရေမြောင်းများ ပိတ်ဆို့မကင်းရှင်းစွာ ရေစီးရေလာကောင်းမွန်ရန် အထူးသဖြင့် ရေဆိုးရေပုပ်များ စီးဆင်းရာ နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးအတွက် အခွန်ထမ်းပြည်သူများက လိုလားနေသည်ဟု သိရသည်။

ရေမြောင်းများ ရှင်းလင်းသကဲ့သို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကိုပါ တစ်ပြေးညီ အရေးယူပေးရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာမှ လမ်းတိုင်း အမှိုက်ပုံးကြီး၊ လတ်များ ချထားပေးသော်လည်း စည်းကမ်းမဲ့စွာစွန့်ပစ်နေမှုကို နိုင်ငံပိုင်သတင်းစာနှင့် မီဒီယာများတွင် ဓာတ်ပုံများနှင့်အတူ ဖော်ပြမှုများ မကြာခဏတွေ့မြင်နေရကြောင်း၊ မိုးရာသီရောက်တိုင်း ဖော်ပြခြင်းခံရသော မြို့တွင်းရေကြီးရေလျှံမှုများ ယခုနှစ်တွင်ဖော်ပြခြင်း မပြုနိုင်ရန် သက်ဆိုင်ရာမှ မြောင်းများ၊ မြစ်ရေထွက်ပေါက်များကို အချိန်မီ ရှင်းလင်းထားပေးသင့်ပြီဟု ပြည်သူများက ဆိုသည်။ သက်ဆိုင်ရာမှပြည်သူများမြင်သာအောင် သန့်ရှင်းရေးနှင့်ပတ်သက်၍လုပ်ဆောင်ထားချက်များကို ထင်သာမြင်သာတင်ပြထားသင့်ကြောင်း၊ လွတ်လပ်ရေးမရခင်နှစ်များကတည်းကရှိခဲ့သော ကြည့်မြင်တိုင်မြို့နယ်ရှိ ဗားကရာချောက်ချိုင့်ပမ်းတွင် မိုးမည်မျှကြီးပါစေ ရေလျှံခြင်း မရှိသည့်ဖြစ်စဉ်မှ ရေနုတ်မြောင်း၊ ရေထုတ်စနစ်ကောင်းမွန်စွာ တည်ဆောက်မှုကို အတုယူလုပ်ဆောင်သင့်သည်ဟု အဆိုပါမြို့နယ်နေသူ တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

❑ **ရခိုင်ပြည်နယ်မှ**
ဝန်ကြီးက နိဂုံးချုပ်မှာကြားပြီး ညနေ ၅ နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မေ ၂၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်သည် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြေပုံမြို့ ကံသာထွက်ပေါက်တိုင်းရင်းသား ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလှည့်လည်ကြည့်ရှုပြီး စခန်းရှိ မိသားစုဝင်များအား တွေ့ဆုံအားပေး စကားပြောကြားသည်။ ထို့နောက် ပေါက်တောမြို့နယ် ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကာ ဒုက္ခသည်များအား နေရာချထားမှု အခြေအနေနှင့် ကယ်ဆယ်ရေးစခန်းအား လှည့်လည်ကြည့်ရှုပြီး စခန်းရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေမြို့နယ် အန်းတောကြီးနှင့် စတ်ရုစုတယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကြည့်ရှုပြီး အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းနောက် စစ်တွေတပ်နယ် ဗန္ဓုလ ဧည့်ရိပ်သာ၌ စစ်တွေမြို့နယ် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေကြသည့် ကျောက်ဖြူနှင့် ပေါက်တောမြို့နယ်တို့မှ ဒုက္ခသည် ရပ်မိ၊ ရပ်ဖများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ညနေ ၄နာရီ မိနစ် ၂၀ တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားကြပြီး ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သထင်းစဉ်)**

ဂျပန်ယူ-၁၈ အသင်း နှစ်ပွဲဆက်နိုင်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများကစားရန် ရောက်ရှိနေသည့် ဂျပန်ယူ-၁၅ အသင်းနှင့် မြန်မာလူငယ် ယူ-၁၆ အသင်း တို့၏ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားရာ ဂျပန်ယူ-၁၅ အသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဘောလုံးပညာနှင့် တစ်ဦးချင်းကျွမ်းကျင်မှုများတွင် အသာရထားသည့် ဂျပန်ယူ-၁၅အသင်းမှာ မြန်မာယူ-၁၆ အသင်းကို ခြေအသာဖြင့် ကစားကာ နိုင်ပွဲရယူသွားခဲ့သည်။ မြန်မာယူ-၁၆ အသင်းမှာ ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း တစ်ဦးချင်းတွင် ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဂျပန်လူငယ်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ နှင့် ၄၂ မိနစ်တွင် အိုနိုဇာဝါ၊ ၄၇ မိနစ်တွင် ကူရိဘာဝါ၊ ၇၄ မိနစ်တွင် ဆာဆာကီနှင့် ၈၄ မိနစ်တွင် ယာဆူအီတို့က သွင်းယူပေးခဲ့သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သော ဂျပန်ယူ-၁၅ အသင်းနှင့် မြန်မာယူ-၁၈ (ခ)အသင်းတို့၏ ခြေစမ်းပွဲတွင် ဂျပန်ယူ- ၁၅ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၃-၅-၂၀၁၃
ညနေ ၄ နာရီ
(အောင်ဆန်းကွင်း)
မြန်မာယူ-၁၈ (က)အသင်း - ဂျပန်ယူ -၁၅

သတင်းဓာတ်ပုံ
နိုင်းထက်ဇော်

မြန်မာအသင်းဘက်သို့ ဂျပန်အသင်းထိုးဖောက်ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

၁၅၀၀ ကျပ်တန်ဖုန်းမျှော်လင့်နေသူများ MECTel တံဆိပ်ပါ ငွေဖြည့်ကတ်ဖြင့်သာအသုံးပြုနိုင်

ပဲခူး မေ ၂၁

မေ ၂၄ ရက်တွင် ၁၅၀၀ ကျပ်ဖြင့် ရောင်းချပေးမည့် CDMA-800 MHz မိုဘိုင်းဖုန်းအား စောင့်မျှော်နေကြသော ပြည်သူများအား မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အသိပေးကြေညာချက် တစ်စောင် ထုတ်ပြန်လိုက်သည်။

မေ ၂၄ ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် စတင်ရောင်းချမည့် MEc Tel အမှတ်တံဆိပ်ပါတန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်းများသည် လက်ရှိမိုဘိုင်းတယ်လီဖုန်းဈေးကွက်တွင် ရောင်းချလျက်ရှိသော CDMA-800 MHzငွေဖြည့်ကတ်များဖြင့် အသုံးပြု၍ မရကြောင်း၊ MECTel တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်း တယ်လီဖုန်းများအတွက် MECTel အမှတ်တံဆိပ်ပါ ငွေဖြည့်ကတ်များဖြင့်သာ တယ်လီဖုန်းပြောဆိုခငွေဖြည့်တင်း၍ ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်သည်။

MECTel အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်း ကြိုတင်ငွေဖြည့်ကတ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကိုယ်စားလှယ်အရောင်းဆိုင်များနှင့် ၎င်းတို့၏ အရောင်းဆိုင်ခွဲများတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ရှင်း(ဥသာ)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၄၀	"မြကျောက်သာသနာ့နယ်မြေမှ ဘုရား၊ ပုထိုး၊ စေတီများ"
၇:၃၀	မဟော်သဓာ (အပိုင်း -၈)
၈:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈:၂၅	Road to 27th SEA Games (Yachting-1) (ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်)
၉:၄၅	လှပစုလင်အာဆီယံတစ်ခွင်
၁၂:၂၅	ဆေးရောင်စုံရုပ်ရှင် "ခုတော့သိပြီ မင်းကို ကိုယ်ချစ်သည်" (ပထမပိုင်း) (စိုးသူ၊ မေဆွိ၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြီးမြင့်)
၁:၀၀	ပြည်တွင်းသတင်း
၁:၀၅	ဆေးရောင်စုံရုပ်ရှင် "ခုတော့သိပြီ မင်းကို ကိုယ်ချစ်သည်" (ဒုတိယပိုင်း) (စိုးသူ၊ မေဆွိ၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြီးမြင့်)
၂:၀၅	ဆေးရောင်စုံရုပ်ရှင် "ခုတော့သိပြီ မင်းကို ကိုယ်ချစ်သည်" (တတိယပိုင်း) (စိုးသူ၊ မေဆွိ၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြီးမြင့်)
၄:၀၀	ပြည်တွင်းသတင်း
၄:၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာအထူးပြုများ) (သမိုင်း)
၄:၅၀	Road to 27 th SEA Games (ဝုရှူး)
၅:၃၀	ကျန်းမာရေးစကားဝိုင်း "သွေးမတိုးအောင်သတိဆောင် ကိုယ်လက်လှုပ်ရှားမှုအောင်စား"
၆:၂၀	SEA Games ဇာတ်လမ်းတို "နှလုံးသားနှင့်ရင်း၍" (မင်းရာဇာ၊ ဇော်ဝင်းမောင်၊ ဆုပန်ထွာ) [ဒါရိုက်တာ- မောင်ပြည့်ဝ (ပန်းဝေသီ)]
၈:၀၀	ပြည်တွင်းသတင်း -ခေတ်ဦးရုပ်မြင်တေးသံစဉ် -ရယ်စရာတစ်ကွက်စာ -"Mr.Bean" ကာတွန်းအစီအစဉ် -အိန္ဒိယရုပ်ရှင် "အချစ်ပြေးလမ်း" (ဒုတိယပိုင်း)

မန္တလေးမြို့တွင် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ရန်ပြင်ဆင်

မန္တလေး မေ ၂၁

မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ဦးတည်လျှောက်လှမ်းမှုနှင့်အတူ ပညာရေးကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်လျက်ရှိသည်။ အခြေခံပညာကဏ္ဍတွင်လည်း ပုဂ္ဂလိကကျောင်းများတည်ထောင်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပုဂ္ဂလိကအထက်တန်းကျောင်း ၆၆ ကျောင်းဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးတွင် ၁၁ ကျောင်း ဖွင့်လှစ်ခွင့်ရခဲ့သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မန္တလေးမြို့၌ ပုဂ္ဂလိကအထက်တန်းကျောင်းသစ် ၁၀ ကျောင်းခန့်နှင့် မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးတွင် လျှောက်ထားကြောင်း သိရသည်။ မန္တလေးမြို့ထုတ် သတင်းစာများတွင် ပုဂ္ဂလိကကျောင်း ကြော်ငြာများ မျက်နှာဝက်ပြည့် အပြိုင်အဆိုင်ထည့်သွင်းကာ မေလအတွင်း ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိသည်။ မူလတန်းအဆင့် ကျောင်းသားတစ်ဦး ကျပ် ၁၀ သိန်းဝန်းကျင်ခန့်၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦး ကျပ်သိန်း ၂၀ ခန့်၊ အထက်တန်းအဆင့်ကျောင်းသားတစ်ဦး ကျပ်သိန်း ၃၀ ကျော်ကုန်ကျပြီး မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများမှ ငွေကြေးချမ်းသာသူများ၏ သားသမီးများ တက်ရောက်သင်ကြားရန် စာရင်းပေးသွင်းနေကြကြောင်း သိရသည်။ **(သီဟကိုကို)**

15th YEARS 1998-2013
MHR Centre II
BUSINESS INSTITUTE
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ် (FDI)၊ 2015 Asean Free Trade Agreement (AFTA)၊ 2015 Asean Economic Community (AEC) တို့ကြောင့်
MHR Centre I (၁၅)နှစ်ပြည့်အထိမ်းအမှတ်နှင့် MHR Centre II ဖွင့်ပွဲအထိမ်းအမှတ်
ABE Diploma plus CIMA Certificate in Business Accounting LCCI Diplomas
နေ့ရက် ၊ ၁၀.၅.၂၀၁၃ (ဗုဒ္ဓဟူးနေ့) အချိန် ၊ (၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီ နေရာ ၊ Yadana Ball Room, Park Royal Hotel
Facebook Computer (Annual Fee, Registration Fee, Examinations Fee)
MHR Centre II : G a (27, 28, 29), Ground Floor, Building E, Eco Apartment, Pearl Condo, Kabaraye Pagoda Road, Yangon. 09-73 223777, 09-86 28878, 09-73 217110

နိုင်ငံတကာသတင်း

အီတလီသမ္မတဂျော်ဂျီယိုနပိုလီတာနို ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံရ

ရောမ ဧပြီ ၂၀

အီတလီသမ္မတဂျော်ဂျီယိုနပိုလီတာနိုသည် ဒုတိယအကြိမ် သမ္မတရာထူးသက်တမ်း၌ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် ဧပြီ ၂၀ ရက်က ရွေးချယ်တင်မြှောက်ခံရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၈၇)နှစ်ရှိ နပိုလီတာနိုသည် ဧပြီ ၂၀ ရက်အစောပိုင်းက အဓိကနိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နပိုလီတာနိုသည် ဆဋ္ဌမအကျော့ မဲပေးပွဲရောက်မှသာ မဲအများစုဖြင့် အောင်ပွဲခံခဲ့သည်။ ပါတီအကြီးအကဲအများအပြား သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီးနောက် ပါလီမန်နှင့် ဒေသဆိုင်ရာရွေးချယ်တင်မြှောက်သူများ၏ မဲအရေအတွက် ၁၀၀၇ မဲအနက် ၅၀၄ မဲဖြင့် နပိုလီတာနိုအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နပိုလီတာနိုသည် ၂၀၀၆ ခုနှစ်မှစ၍ သမ္မတရာထူးတာဝန်ကို ရယူခဲ့သည်။ ၎င်းသည် လက်ဝဲဒီမိုကရက်တစ်ပါတီမှဖြစ်ပြီး သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရခြင်းဖြင့် အီတလီနိုင်ငံ၌ဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းမှာ ပြီးဆုံးသွား၍ဖြစ်သည်။ **ရိုက်တာ။**

ဒုတိယအကြိမ် သမ္မတရာထူးသက်တမ်း၌ တာဝန်ထမ်းဆောင်မည့် သမ္မတ နပိုလီတာနို

ဘော်စတွန်ဗုံးခွဲသူအဖြစ် မသင်္ကာရသူ ဒဏ်ရာပြင်းထန်မှုကြောင့် မေးခွန်းများကို မဖြေနိုင်

ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရိုက ထုတ်ပြန်လိုက်သောဓာတ်ပုံတွင် ဗုံးခွဲသူများအဖြစ် မသင်္ကာရသူ နှစ်ဦးကို တွေ့ရစဉ်။

ဘော်စတွန် ဧပြီ ၂၀

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်ရှိ ဘော်စတွန်မြို့၌ ဗုံးခွဲတိုက်ခိုက်ခဲ့သူအဖြစ် သင်္ကာမကင်းသူ ဇိုခါဆာနေ့သည် ဧပြီ ၂၀ ရက်က ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရဆဲဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးမှူးများ၏ မေးမြန်းချက်များကို ဖြေကြားနိုင်စွမ်းမရှိကြောင်း တာဝန်ရှိသူများက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဇိုခါဆာနေ့သည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သော်လည်း အခြေအနေတည်ငြိမ်မှုရှိကြောင်း မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒီဗယ်လ်ပက်ထရစ်က သတင်းထောက်များအား ပြောကြားသည်။ ဇိုခါဆာနေ့သည် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် စိုးရိမ်ရသောအခြေအနေတွင်ရှိနေပြီး ၎င်းကိုဆေးရုံတွင် လုံခြုံရေးအစောင့်အကြပ်များဖြင့် ထားရှိသည်။

ရဲတပ်ဖွဲ့ဝင်များသည် ဇိုခါဆာနေ့ကို ၂၄ နာရီကြာ ဝိုက်စိဝ်တိုက်ရှာဖွေခဲ့ပြီးနောက် ဘော်စတွန်မြို့ ဆင်ခြေဖုံးတစ်နေရာတွင် ဖမ်းဆီးရမိခဲ့သည်။

ဗုံးခွဲသူနှစ်ဦးအနက် တစ်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။ ဘော်စတွန်မြို့၌ ကျင်းပသော မာရသွန်အပြေးပြိုင်ပွဲကို ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုတွင် လူသုံးဦးသေဆုံးခဲ့ရပြီး ၁၈၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ဗုံးခွဲတရားခံများကို ဖမ်းဆီးရမိနိုင်ရန် လိုက်လံရှာဖွေခဲ့စဉ်အတွင်း အမြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ရကာ အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ **စ်အင်န်အေ။**

အနောက်ဂျာဗားဦး မြေပြို လူသုံးဦး သေဆုံး

ဂျကာတာ ဧပြီ ၂၀

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်း၌ ဧပြီ ၂၀ ရက်က မြေပြိုမှုဖြစ်ပွားရာ အစိုးရပိုင်စိုက်ခင်း၌ အလုပ်လုပ်နေသော အမျိုးသမီးသုံးဦးသေဆုံးကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာနမှ ဧပြီ ၂၀ရက်တွင် ပြောကြားသည်။

မြေပြိုမှုသည် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲက ဖြစ်ပွားကြောင်း၊ ခုနစ်မီတာမှ ၁၀မီတာအနက်တွင် ပိတ်မိနေသော အမျိုးသမီးသုံးဦး၏ ရုပ်အလောင်းများကို ခက်ခဲစွာ ဆွဲထုတ်ယူရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဆိုတိုပိုဝါပိုနျုဂရိုဟိုက ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံသဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာနမှ အဖွဲ့ဝင်များက အပြိုအပျက်များအောက်တွင် ပိမိနေသော ရုပ်အလောင်းများအား ဆွဲထုတ်ကယ်ဆယ်လျက်ရှိကြောင်း ဆိုတိုပိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွား ၁၇ ဦး သေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

ဟီလုံ ဧပြီ ၂၀

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၈ ဦး သေဆုံး၍ ၁၂ဦး ဒဏ်ရာရရှိကြောင်း ဧပြီ ၂၀ ရက်သတင်းတွင် ဖော်ပြသည်။

ဧပြီ ၂၀ ရက်က ကျီလင်းပြည်နယ် ဟီလုံမြို့တွင် တည်ရှိသော ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်များအတွင်းက မတော်တဆမှုများကြောင့် သတ္တုတွင်းအလုပ်သမား ထောင်ချီ၍ သေဆုံးခဲ့ရကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၁၂ နာရီခန့်ကြာအောင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရပြီး ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **ဆင်ဟွာ။**

ဗုဒ္ဓ-ဓမ္မ-သံဃ
Swe Zin May Co.,Ltd
ဆွေဇင်မေ ရေသန့်စက်ပစ္စည်းအရောင်းဌာန
UP TO 50% Discount
အထူးလျှော့ဈေး
NEW Show Room
Tel: 09-532-2008 09-4211-30140
ရေစစ်အဆင့် ၅/၆/၇ ဆင့်ပါ R.O ရေသန့်စက်
Show Room - အမှတ်၊ မဟာဗန္ဓုလလမ်း(အောက်လမ်း)နှင့် ဥ-လမ်းကြား၊ လမ်းမတော်၊ ရန်ကုန်မြို့ Tel: 01-230-3088, 09-4211-42266, 09-4211-42277, 09-4211-42288

101 အလှကုန်၏ နှစ်သစ်ကူး ကံထူးရှင်များ
ဆံပင်ပေါက်ဆေး

အထောင်းဆိုင်၏ထူးရှင်များ

ရွှေမောက်(၂)	(ပုသိမ်)	Galaxy Note-2	ရွှင်အလှကုန်	(ညောင်ပင်လေးဈေး)	Sky Net + 1 month
စန်းသော်တာ	(အင်းစိန်)	LG 32" Digital TV	သိန်းမေတ္တာ	(မန္တလေး)	Media Stand Fan
သီဟ	(ယုစနဝလာစာ)	Mitsubishi ရေခဲသေတ္တာ	KTK	(မန္တလေး)	Media Stand Fan
ဆိုစုန်း	(မြစ်ကြီးနား)	LG ရေခဲသေတ္တာ	စိန်တိုက်	(တောင်ငူ)	Media Stand Fan
စံယံမြို	(သင်္ဃန်းကျွန်း)	Glacier Washing Machine	လှဝင်း	(ရွှေဘို)	Musushita Rice Cooker
ရွှေမောက်(၁)	(ပုသိမ်)	Glacier Washing Machine	အိအိဝင်း	(ရွှေပြည်စိုးဈေး)	Musushita Rice Cooker
သီရိ(၂)	(ပဲခူး)	Canon Camera	Beauty Shop	(မင်္ဂလာတောင်ညွန့်)	Musushita Electric Pan
AEC	(ပြည်)	Huwai Hand Set	ဒေါ်ညို	(သထုံ)	Musushita Electric Pan
မေရာ	(မြစ်ကြီးနား)	Media Air Cooler	အလှသစ်(၁)	(မင်္ဂလာဈေး)	Musushita Electric Jar Pot
ဒေါ်ကျင်ကြူ	(အလုံ)	Media Air Cooler	ဓိကို(၁)	(ရွှေပြည်စိုးဈေး)	Musushita Electric Jar Pot
မြနဂါး	(မုံရွာ)	Sky Net + 1 month	ဘဝသစ်	(အလုံ)	Musushita Electric Jar Pot
သန်းငွေအောင်	(တောင်ကြီး)	Sky Net + 1 month	ပုလဲထွန်း	(လှိုင်ကော်)	Panasonic Iron
Ever Boom	(သိမ်ကြီးဈေး)	Sky Net + 1 month	မီးငယ်	(ထားဝယ်)	Panasonic Iron
အလှသစ်(၂)	(မင်္ဂလာဈေး)	Sky Net + 1 month	မေဖူးလွှာ	(အင်းစိန်)	Panasonic Iron
ရွှင်အလှကုန်	(ညောင်ပင်လေးဈေး)	Sky Net + 1 month	(30000) ကျပ်တန် လက်ဆောင်ခြင်း	(29) ခြင်း	

စာတိုက်သေတ္တာ(၂၁၁)၏ထူးရှင်များ

မထန်းအွယ်	(မရမ်းကုန်း)	Huwai Hand Set	ဒေါ်ရီရီသန်း	(မင်္ဂလာတောင်ညွန့်)	Smart EVD
ဒေါ်လန်ပေါက်ကြင်	(အင်းစိန်)	4-HD ရုပ်သံလိုင်း	မအေးဝင်းလှ	(မင်္ဂလာတောင်ညွန့်)	Smart EVD
[illegible]	(မြောက်ဥက္ကလာ)	4-HD ရုပ်သံလိုင်း	မနိုနိုဝင်း	(အင်းစိန်)	Smart EVD
[illegible]	(မန္တလေး)	4-HD ရုပ်သံလိုင်း	ကိုခင်မောင်လွင်	(ပန်းပဲတန်း)	Smart EVD
[illegible]	(မန္တလေး)	4-HD ရုပ်သံလိုင်း	ဒေါ်အေးအေး	(မန္တလေး)	Panasonic Iron
[illegible]	(ကျောက်တံတား)	4-HD ရုပ်သံလိုင်း	ဒေါ်သန်းသန်းဆွေ	(မြောက်ဒဂုံ)	Panasonic Iron
[illegible]	(ကျုံပျော်မြို့)	Smart EVD	မကြင်စိမ်းလျှန်	(အင်းစိန်)	Induction Cooker

ပေါက်မဲများကို (၃၀.၆.၂၀၁၃) နောက်ဆုံးထား၍ ထုတ်ယူနိုင်ပါသည်၊

ရန်ကုန် ၂၀၊ သမြေညီလမ်း၊ ဝဲဝရောင်၊မြို့နယ်၊ 01 - 518088
မန္တလေး ၆၅၊ မြို့သစ်၊ ချမ်းမြသာစည်၊ 02 - 62253
နေပြည်တော် ၆၂၇၀၊ မြတ်လေးလမ်း၊ ဥတ္တရသီရိမြို့၊ 067 - 417500

ပြည်တွင်း / ပြည်ပရေးရာ

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ကမ္ဘာ့အသက်အကြီးဆုံးလူသား (၁၁၆)နှစ်ပြည့်မွေးနေ့ပွဲဆင်နွှဲ

သက်ရှိထင်ရှားရှိနေသေးသော ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် မှတ်တမ်းတင်ခြင်းခံထားရသည့် ဂျီရိုးမွန်ကီမူရာအမည်ရှိ ဂျပန်အဘိုးအိုသည် ၎င်း၏အသက် (၁၁၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲကို မေ ၁၉ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

၁၈၉၇ ခုနှစ် မေ ၁၉ ရက်တွင်မွေးဖွားခဲ့သော မစ္စတာကီမူရာအား သက်ရှိထင်ရှားရှိနေသေးသော ကမ္ဘာ့အသက်အကြီးဆုံး လူသားအဖြစ် ပြီးခဲ့သည့်လများအတွင်းက ဂင်းနစ်ကမ္ဘာ့စံချိန်တွင် မှတ်တမ်း တင်ခဲ့သည်။ မစ္စတာကီမူရာသည် ၎င်း၏အသက် (၆၅)နှစ်တိုင်အောင် စာပို့ သမားအဖြစ် လုပ်ကိုင်ခဲ့ပြီး အသက် (၉၀)ပြည့်သည့်အထိ လယ်ယာ လုပ်ငန်းလုပ်ကိုင်ခဲ့ကာ မြေး ၁၄ ယောက်နှင့် မြစ်ဒါဇင်ပေါင်းများစွာရှိသည်ဟု သိရသည်။

လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဂျပန်နှင့် နေတိုးသဘောတူ

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO) အတွင်းရေးမှူးချုပ် အန်ဒါးစ် ရာစ်မူဆင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် လုံခြုံရေးနယ်ပယ်၌ နှစ်ဖက်အကြား ဆက်ဆံရေးတိုးမြှင့်ရန်အတွက် မေ ၁၅ ရက်က မြို့တော် တိုကျို တွင် တွေ့ဆုံခဲ့ကြကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။

ယခုပြုလုပ်သည့် ပူးတွဲကြေညာချက်သည် ဂျပန်နှင့်နေတိုးအဖွဲ့အကြား ဆက်ဆံရေးအသစ် စတင်ခြင်းကို ထင်ဟပ်စေကြောင်း ဂျပန်ဝန်ကြီးချုပ် အာဘေးက တွေ့ဆုံပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

နေတိုးအတွင်းရေးမှူးချုပ် ရာစ်မူဆင်က ပြောကြားရာတွင် နယ်ပယ်အမျိုးမျိုး၌ နေတိုးနှင့် ဂျပန်တို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာလုံခြုံရေး အပေါ် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖော်ပြသည်။

တရုတ်လျှပ်စစ်ဓာတ် လူပေါင်း ၁ ဒသမ ၅ သန်းကျော်ခံစားခဲ့ရ

မေ ၂၀ ရက်က တရုတ်နိုင်ငံအတွင်း၌ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ပြည်သူ ၁ ဒသမ ၅ သန်းကျော် ခံစားခဲ့ကြရကြောင်း အစိုးရတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။ စီချွမ်ခရိုင်တွင် မေ ၂၀ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ သုည မဂ္ဂနီကျူအဆင့်ရှိ ငလျင်ဒဏ်ကို စီချွမ်ခရိုင်အတွင်းရှိ မြို့နယ် ၆၉ မြို့နယ်မှာ ခံစားခဲ့ရကြောင်း၊ ငလျင်ဒဏ်ကြောင့် တိုက်တာအဆောက်အအုံ အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ချစ်သူနှင့်ဆုံစည်းရန် တပ်မတော်တွင်အမှုထမ်းမည့် ရုရှားအမျိုးသမီး

ချစ်သူနှင့်အတူတကွ နေထိုင်ဆုံစည်းနိုင်ရန်အတွက် စစ်တပ်တွင် တာဝန်ထမ်းဆောင်လိုသည့် အသက် (၂၃)နှစ်အရွယ် ရုရှားအမျိုးသမီးငယ်နှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း ရုရှားတပ်မတော်က မေ ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ယူလီယာပန်ကိုဗာအမည်ရှိ အဆိုပါအမျိုးသမီး ငယ်အား သူနာပြုအဖြစ်သာမက မေ့ဆေးဆရာဝန်အဖြစ်ပါ တာဝန်ထမ်းဆောင် စေမည်ဖြစ်ကြောင်း ရုရှားတပ်မတော်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပန်လိုဗာ၏ချစ်သူမှာ ပတ်စတော့မြို့ရှိ လေကြောင်းသက်တော်စောင့် တပ်ဖွဲ့တွင် ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ခြင်းကြောင့် သူမအနေဖြင့် ယခုကဲ့သို့ တပ်မတော်တွင် ရရာအခန်းကဏ္ဍမှ ပါဝင်တာဝန်ထမ်းဆောင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟိန်းထက်လင်း - စုစည်းရေးသားသည်

ရန်ကုန်မြို့တော်စည်ပင်လုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီက ဆောင်ရွက်လျက် ရှိသော ကမာရွတ်မြို့နယ် အင်းလျား လမ်းအား လမ်းသားတိုးချဲ့ခြင်းနှင့် ပြည်လမ်းရှိ တံတားဖြူချောင်း ရေနုတ်မြောင်းရှင်းလင်းခြင်းလုပ်ငန်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံ လမ်းအား လမ်း ၀၊ ယာ တိုးချဲ့ခြင်း လုပ်ငန်း၊ မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အကြား သုခမွာ လမ်းရှိ ဒနင်းရိုးချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ရေနုတ်မြောင်းနှင့် သားပိုက်ချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ တောင်ဥက္ကလာပမြို့နယ်နှင့် သယ်န်း ကျွန်းမြို့နယ်တို့ရှိ ဝေဇယန္တာလမ်း ကွန်ကရစ်လမ်းသားသစ်တင်ခြင်းနှင့် ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း ဒုတိယ အဆင့်လုပ်ငန်း၊ တာမွေမြို့နယ် အောင်မင်္ဂလာချောင်း ရေနုတ်မြောင်း ရှင်းလင်းခြင်းလုပ်ငန်း၊ သာကေတ မြို့နယ် ရွှင်းသာလမ်းအား ကွန်ကရစ် လမ်းချောခင်းခြင်းလုပ်ငန်း၊ ကမ်းနား လမ်းတစ်လျှောက် လမ်းသားတိုးချဲ့ ခြင်းလုပ်ငန်းနှင့် အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့အကြား ကမ်း နားလမ်းရှိ ကွင်းကျောင်းချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ယနေ့ နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန် မြို့တော်ဝန် ဦးလှမြင့်သည် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ရေနုတ်မြောင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စွန့်ပစ်ပစ္စည်းအဟောင်းများနှင့် အမှိုက်များမီးရှို့ရာမှ ပေါက်ကွဲမှုတစ်ခုဖြစ်

လှိုင်လင် မေ ၂၁

လှိုင်လင်မြို့ အမှတ်(၄)ရပ်ကွက် ဗောဓိလမ်း အိမ်အမှတ် (တ/၁၅) နေ အိမ်ရှင် ဦးမျိုးမြင့်-ဒေါ်ထွေး ကြည် နေအိမ်ရှေ့ ရေမြောင်းအစပ် ၌ မေ ၂၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် စွန့်ပစ်ပစ္စည်းအဟောင်းများ နှင့် အမှိုက်များမီးရှို့ရာမှ ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားခဲ့သည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ အိမ်ရှင်ဒေါ်ထွေးကြည် နှင့် သမက်ဖြစ်သူတို့သည် နေအိမ် ခြံဝင်းအတွင်းမှ အသုံးမပြုတော့သည့် စပရေးဘူးအဟောင်းများ၊ ဂတ်စ် မီးခြစ်အဟောင်းများ၊ လျှပ်စစ်ဆော့ ကတ်အဟောင်းများ၊ စကိုင်းနက် စလောင်း ထိပ်ဖုံးအဟောင်းများနှင့် အမှိုက်များအား အိမ်ရှေ့ရှိ ရေမြောင်း စပ်အနီးတွင် စုပုံ၍ မီးရှို့ရာ ငါးမိနစ် ခန့်ကြာပြီးနောက် မီးတောက်အရှိန် ရလာသဖြင့် အနီးတွင် အသင့်ဆောင် ထားသော ရေပုံးထဲမှ ရေဖြင့် လောင်း လိုက်ရာ ရုတ်တရက် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ၎င်းပေါက်ကွဲမှု ဖြစ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ရောက်ရှိလာပြီး လိုအပ်သည့် စစ်ဆေး မှုများပြုလုပ်ရာ အဆိုပါ ပေါက်ကွဲ တတ်သည့် ပစ္စည်းအဟောင်းများ သည် မီးအပူရှိန်ကြောင့် ပေါင်းစပ် ပေါက်ကွဲမှုသာဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် အိမ်ရှင် ဒေါ်ထွေးကြည်သည် ယာဘက်လက်ဖျံ မီးဟပ် အရေပြားလန်ဒဏ်ရာ၊ ယာဘက်ချိုင်းပွန်းပဲ့ဒဏ်ရာ၊ ယာဘက် တင်ပါးနှင့် ယာကျောပြင် ပွန်းပဲ့ဒဏ်ရာ၊ ဝဲလက်မဖူးရောင်ဒဏ်ရာ၊ ဝဲဒူးခေါင်းနှင့် ခြေသလုံးတွင်ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) ရရှိပြီး ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ ဒေါ်ထွေးကြည်သည် စလောင်းနှင့် လျှပ်စစ်ပစ္စည်းများ ရောင်းဝယ်ရေး ဆိုင်ဖွင့်လှစ်ထားကြောင်း သိရ သည်။

(မိုးလွင်ဦး)

လင်မယားရန်ဖြစ်ရာမှ ယောက်ျားဖြစ်သူက နေအိမ်မီးရှို့

ညောင်လေးပင် မေ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မေ ၂၀ ရက်ညနေ ၆ နာရီတွင် လင်မယား စကားများရာမှ ယောက်ျားဖြစ်သူက နေအိမ်ကို မီးရှို့သဖြင့် သုံးပင်ပတ်လည် နေအိမ် မီးလောင်ဆုံးရှုံးမှုဖြစ်ပွား သည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ပုဇွန်မြောင်းကျေးရွာ၊ ဆွဲဒလွဲရပ်ကွက်နေ အောင်ကျော်စိုး (ခ)ရွှေအိုး အသက် (၂၅)နှစ်သည် အရက်သေစာများ သောက်စား မူးယစ်ပြီး လင်မယားချင်းစကားများ ရန်ဖြစ်ခဲ့ပြီးနောက် နေအိမ်အား မီးရှို့ခဲ့ခြင်းဖြစ်သည်။

နေအိမ်မီးရှို့သူ အောင်ကျော်စိုး(ခ) ရွှေအိုးမှာ ထွက်ပြေးသွားသဖြင့် နယ်ထိန်း ဒုတိယရဲအုပ်ဝင်းထွဋ်အောင်နှင့် တာဝန် ရှိသူများက အချိန်မီလိုက်လံဖမ်းဆီးခဲ့ သည်။ ကျူးလွန်သူအား တရားစွဲဆို နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေလင်း (ညောင်လေးပင်)**

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှုအစီအစဉ်



အရိုးအကြော၊တင်ပါးဆုံဆစ်နှင့် ဒူး ဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှု (Hip & Knee Joint Replacement)နှင့် Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသမှုအမျိုးမျိုးတို့ကို မြန်မာဆရာဝန်ကြီးများနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ ပူးပေါင်း၍ ဧပြီလ (၂၇) ရက်မှ (၃၀) ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ကြားလိုသောစကား ဖတ်လိုသောစာ

ရေနံ့သာ မောင်ကျော်ညွန့်

စာရေးသူတို့သည် ပြောလိုသောစကားများကို စာဖြင့် ရေးသားကြ၏။ စာရေးသူတို့ရေးသောစာသည် ၎င်း စာရေးသူတို့ ပြောလိုသောစကားများဖြစ်ဝေသည်။ စာရေးသူတို့သည် စာမျက်နှာများပေါ်တွင် စာရေးပြီး စာဖတ်သူတို့အား စကားပြောနေကြခြင်းဟု ကျွန်ုပ်မှတ်ယူပါသည်။ ကျွန်ုပ်တို့စာဖတ်သူများသည် စာရေးသူတို့ ရေးသမျှစာကို ဖတ်မှတ်ကြရ၏။ တစ်နည်းအားဖြင့်မူ စာရေးသူတို့ ပြောလိုသောစကား၊ ပြောနေသောစကားတို့ကို နားထောင်မှတ်သားနေကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကောင်းစွာဆိုအပ်သောစကားကို နားထောင်မှတ်သားလိုပါသည်။ ကြားချင်လှပါသည်။ ထို့ကြောင့် စကားပြောသူတို့ကိုလည်း ကောင်းစွာဆိုအပ်သောစကားမျိုးကိုသာ ပြောစေချင်ပါသည်။ ကောင်းစွာဆိုအပ်သော စကားကိုပြောဆိုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ မင်္ဂလာဟူသည် လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သော တိုးတက်ကြီးပွားကြောင်း၏ အရင်းအမြစ်ဖြစ်သည်ဟု ရှင်တော်ဘုရားက ဟောကြား မိန့်မှာတော်မူခဲ့ပါသည်။ မင်္ဂလာတရားနှင့်အညီ စကားပြောလျှင် မင်္ဂလာရှိသည်။ ပြောသူမှာ မင်္ဂလာရှိသည်နည်းတူ နားထောင်ရသူမှာလည်း မင်္ဂလာရှိပါသည်။ မင်္ဂလာတရားနှင့်အညီ ပြောဆိုသော စကားသည် ပြောသူအတွက်ရော နားထောင်ရသူ အတွက်ပါ ကောင်းကျိုးချမ်းသာ ရရှိခံစားကြရမည်ဖြစ်ပါသည်။

မင်္ဂလာတရားနှင့်ညီသော စကားမျိုးဖြစ်ရန်မှာ စကားအရာအင်္ဂါလေးတန်နှင့် ညီရမည်ဖြစ်ပါသည်။ စကားအရာ အင်္ဂါလေးတန်ကို ဆိုခွင့်ဆိုရာ၊ ရှိသောခါတံ၊ သုဘာသိတ၊ ပိယမမှာ၊ သစ္စာဟုတ်မှန်၊ အင်လေးတန်နှင့်ဟု၍ ဆရာတော်ရှင်မဟာရဋ္ဌသာရ ရေးသားတော်မူခဲ့သည့် အနုသာသနဆုံးမစာထဲတွင် နာယူမှတ်သားဖွယ်ရာ တွေ့ရှိရပါသည်။ အင်္ဂါလေးတန်နှင့် ညီသောစကားသည်သာ မင်္ဂလာရှိသောစကား၊ မင်္ဂလာရှိတရားနှင့် ညီသော စကားမျိုးဖြစ်သည်ဟု မှတ်ယူထားပါသည်။

စကားအရာ အင်္ဂါလေးတန်ဟူသည် 'သုဘာ သိတဝါစာ၊ ပိယဝါစာ၊ ဓမ္မဝါစာ၊ သစ္စာဝါစာ' တို့ဖြစ်ပါသည်။ သုဘာသိတဝါစာသည် ပိသုဏဝါစာ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ပိယဝါစာသည် ဖရုသဝါစာနှင့် ဆန့်ကျင်သည်။ ဓမ္မဝါစာသည် သမ္ဖပ္ပလာပဝါစာနှင့် ဆန့်ကျင်သည်။ သစ္စာဝါစာသည် မုသာဝါဒဝါစာနှင့် ဆန့်ကျင်သည်။

ပိသုဏဝါစာသည် ကတုန်းကတိုက်၊ ကုန်းတိုက်ကုန်းချောသောစကားဖြစ်၏။ တစ်ဦးနှင့်တစ်ဦး အကြား၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အခင်အမင်ပျက်အောင်၊ သံသယဖြစ်အောင်၊ အထင်အမြင် လွဲမှားအောင်၊ စိတ်ဝမ်းကွဲအောင် ပြောဆိုသော စကားများဖြစ်သည်။ မိမိပြောလိုက်သောစကားကြောင့် အခင်အမင်ပျက်မည်၊ အထင်အမြင်လွဲမှားမည်၊ သံသယဖြစ်မည်၊ စိတ်ဝမ်းကွဲမည်ကို သတိမမူမိသောကြောင့်လည်းကောင်း၊ ထိုသို့ဖြစ်စေလိုသော ဆန္ဒကြောင့်လည်းကောင်း ပြောဆိုသောစကားသည် ပိသုဏဝါစာမည်ပါပေသည်။ ပိသုဏဝါစာစကား၏ အကျိုးဆက်သည်ကား ရန်လိုမုန်းတီး အငြိုးကြီးခြင်းကို ဖြစ်ပေါ်စေသည်။ အာဃာတကြီးဒေါသမီးကို တောက်လောင်စေသည်။ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေသည်။ အေးငြိမ်းချမ်းသာမှုကိုပျက်စီးစေသော ကုန်းတိုက်ကုန်းချော ပိသုဏဝါစာသည် ပြောသူအတွက်လည်း အကျိုးမရှိ၊ နားထောင်ရသူအတွက်လည်း အကျိုးမဲ့၏။ ပိသုဏဝါစာ၏ ဆန့်ကျင်ဘက်ဖြစ်သော ပိသုဏပါစာနှင့်ကင်းလွတ်သောစကားသည် ကောင်းသောစကား သုဘာသိတဝါစာ၊ သုဘာသိတမင်္ဂလာမည်ပါ၏။ သုဘာသိတမင်္ဂလာ ကောင်းသောစကားသည်သာ အေးငြိမ်းချမ်းသာမှုကိုဖြစ်စေမည်။ ပြောသူရောနာသူပါ ကောင်းကျိုးချမ်းသာဖြစ်စေသည်။

ဖရုသပါစာသည် ရန့်ရင်းကြမ်းတမ်းသောစကားဖြစ်၏။ ခါးသီးလှပေစွ။ ရင့်သီးလှပေစွ။ ခါးသီးလှစွာသော၊ ရင့်သီးလှစွာသော ရန့်ရင်းကြမ်းတမ်းသည့်စကားကို မည်သူမျှ မနှစ်မြို့။ အောနှလုံးနာသည်။ ဖရုသဝါစာပြောသူကို အများက စက်ဆုပ်ရွံရှာသည်။ စကားထဲက ဇာတိပေါ်နေသည်။ လူအများ၏ အထင်သေးခြင်းကို ခံရသည်။ ဂုဏ်သိက္ခာကျဆင်းသည်။ ရိုသေကိုးစားခြင်းမခံရဘဲ အကြည်ညိုမဲ့သည်။ ဖရုသဝါစာ၏ဆန့်ကျင်ဘက်သည် ပိယဝါစာဖြစ်သည်။ ပိယဝါစာသည် ချစ်ခင်ဖွယ်စကားဖြစ်သည်။ လူတိုင်းလိုလားနှစ်သက်သည်။မြတ်နိုးသည်။ ပိယပါစာ ချစ်ခင်ဖွယ်စကားကိုပြောသူအား လူအများက အထင်ကြီးလေးစားကြ၏။ ပြောသူ၏ဂုဏ်သိက္ခာသည် အလိုလိုမြင့်မားလျက်နေတော့၏။ ပြောသူရောနာသူပါ နှစ်ဦးနှစ်ဖက်လုံး၏ ကောင်းကျိုးချမ်းသာကိုလိုလားပါမူ ပိယဝါစာချစ်ဖွယ်သော စကားကို ဆိုကြရပေအံ့။ ချစ်ဖွယ်သောစကားကိုဆိုပြင်းဖြင့် ဒေါသချုပ်သိမ်း ရန်မီးငြိမ်းစေမည်။ မေတ္တာသက်ပင် ကြင်နာထောက်ထားကိုယ်ချင်းစာနာမှုဖြင့် အေးချမ်းစေမည်။

သမ္ဖပ္ပလာပပါစာသည် အကျိုးမရှိသော၊ အကျိုးယုတ်စေသော သိမ်ဖျင်းသည်စကားဖြစ်သည်။ သတင်းစကားမျိုးမဟုတ်ဘဲ အတင်းစကားမျိုးဖြစ်သည်။ သူတစ်ပါးအား ထိပါးပုတ်ခတ်နှိမ့်ချသော ကိုယ်ရည်သွေးစကားသည် သမ္ဖပ္ပလာပဝါစာမည်၏။ သိမ်ဖျင်းသောစကားသည် လေးနက်မှုမရှိဘဲ ပေါ့ပြက်ပြက်ဖြစ်လျက် အနှစ်သာရကင်းမဲ့သည်။ အနှစ်သာရမရှိသော သိမ်ဖျင်းသည့် သမ္ဖပ္ပလာပပါစာသည် အကျိုးမဲ့စေသောစကားဖြစ်သည်။ အနှစ်သာရရှိသော လေးနက်သောစကားသည်သာလျှင် အကျိုးဖြစ်စေမည်။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်စာရင်းထဲတွင် မပါဝင်စေဘဲ သူ့ဂုဏ်နှိမ့် ကိုယ့်ဂုဏ်နိမ့်၏။ သူ့ဂုဏ်မြှင့်၊ ကိုယ့်ဂုဏ်မြှင့်၏ဟူသော သူတော်ကောင်းတို့ထုံးနှလုံးမူလျက်ပြောဆိုရာသည်။ သီးလုံးသန်အနှံထွားမှ အဆန်အောင်သည်ဟုဆိုပါလျှင် သီးလုံးမသန်၊ အနှံမထွားဘဲ သိမ်ဖျင်းနေပါက အဆန်အောင်မည်မဟုတ်သကဲ့သို့ သိမ်ဖျင်းသောစကားသည်လည်း အချည်းနှီးသာတည်း။ သမ္ဖပ္ပလာပပါစာဟူသော သိမ်ဖျင်းသည့်စကားကို မပြောဆိုမိစေရန် နှုတ်ကိုစောင့်စည်းလျက် ဓမ္မဝါစာမည်သော ဘုရားရှင်အလိုကျ ဟုတ်မှန်သောစကားကိုသာလျှင် လူတိုင်းမြတ်နိုးနှစ်သက်ကြကုန်၏။ ယုံကြည်ကိုးစား တန်ဖိုးထားကြကုန်၏။

မုသာဝါဒသည် လိမ်လည်ပြောဆိုသောစကားဖြစ်သည်။ မမှန်မကန်ပြောဆိုသော စကားဖြစ်သည်။ တစ်ဖက်သားကို လှည့်စားပြောဆိုခြင်းသည်လည်း လိမ်ညာခြင်းမည်ဝါ၏။ ရိုးသားမှု၊ ဖြောင့်မတ်တည်ကြည်မှု မရှိသောစကားဖြစ်ပါသည်။ မယုံယုံအောင်ပြောဆိုသော ယုံတမ်းစကားမျိုး၊ အခြေအမြစ်မရှိသော စကားမျိုး၊ ယုတ္တိမတန်သောစကားမျိုးကို ပြောဆိုခြင်းသည် မုသာဝါဒကံကို ကျူးလွန်နေခြင်းသာဖြစ်၏။

မမှန်မကန် လိမ်လည်ပြောသောစကားကြောင့် ထင်ယောင်ထင်မှားဖြစ်ရသည်။ အမှားကိုအမှန်၊ အမှန်ကို အမှား၊ အကျိုးကိုအပြစ်၊ အပြစ်ကိုအကျိုး၊ အရှိကိုမရှိ၊ မရှိကိုအရှိဖြစ်အောင် ပြောဆိုသောစကားမျိုးကိုရှောင်ကြဉ်ရမည်။ အမှန်ကိုအမှန်၊ အမှားကိုအမှား၊ အကျိုးကို အကျိုး၊ အပြစ်ကိုအပြစ်၊ မရှိကိုမရှိ၊ အရှိကိုအရှိအတိုင်း ပြောဆိုခြင်းသည် မုသာဝါဒကို သွေဖည်သည့် သစ္စာဝါစာ မှန်ကန်သောစကားကိုဆိုခြင်းဖြစ်ပေသည်။ သစ္စာပါစာ မှန်ကန်သောစကားသည်သာလျှင် အဖြတ်ဆုံးဖြစ်ပါသည်။

စကားပြောဆိုရာ၌ သုဘာသိတဝါစာ၊ ပိယဝါစာ၊ ဓမ္မဝါစာ၊ သစ္စာဝါစာ အင်္ဂါလေးတန်နှင့်ညီပြီး စကားတစ်ခွန်းအမှားမစွန်းစေရန်အတွက် ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီးက-

ပြောမည်ကြံလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ၊
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိမည်လဲ၊
ထိခိုက်နိုင်ငြား အပြောများ မမှားရှောင်ကြဉ်ပါ။
ပြောဆဲမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ၊
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိပြီလဲ၊
ထိခိုက်နိုင်ငြား အပြောများ မမှားရှောင်ကြဉ်ပါ၊
ပြောပြီးမှာလည်း သင့်စိတ်ထဲအမြဲဆင်ခြင်ပါ၊
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိပြီလဲ၊
ထိခိုက်နိုင်ငြားအပြောများ မမှားရှောင်ကြဉ်ပါဟူ၍

ဆိုဆုံးမထားပါသည်။ စကားပြောရာတွင် ဆင်ခြင်နှလုံးသွင်းရမည့် ဆောင်ပုဒ်သံပေါက်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် စာရေးသူတို့ ပြောလိုသည့်စကား၊ ပြောနေသည့်စကားကို စာရေးသူတို့ရေးသော စာများဖတ်ပြီး နားထောင်နေကြရသူများဖြစ်ပါ၏။ မင်္ဂလာတရားတော်နှင့်ညီသည့် မင်္ဂလာစကားသည်သာလျှင် ပြောသူရော နားထောင်သူပါ ကောင်းကျိုးချမ်းသာခံစားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူတို့၏ စာဖြင့်ရေးပြီး ပြောလိုသော စကား၊ ပြောနေသောစကားများသည် စကားအရာ အင်္ဂါလေးတန်နှင့်ညီသော မင်္ဂလာစကားများချည်းဖြစ်ပါမူ အဟောဝတကောင်းလေစွ။ ။

ကိုယ်ထူကိုယ်ထ ကတ္တရာလမ်း ဝိုင်းဝန်းကူညီဆောင်ရွက်

ကျုံဒိုး ဧပြီ ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ပိုင် ချောင်းဖျားကျေးရွာတွင် ချောင်းဖျား-ကျုံဒိုးမြေနီလမ်းမကြီးအား ကိုယ်ထူကိုယ်ထ စုပေါင်းကတ္တရာလမ်းခင်းခြင်းကို မတ် ၃၁ ရက်မှ စတင်၍ ချောင်းဖျားကျေးရွာ ဆရာတော် ဘဒ္ဒန္တဦးပညာဝံသနှင့် ရပ်မိရပ်ဖများ၊ ရွာသူ ရွာသား စုစုပေါင်း ၁၅၀ ကျော်တို့သည် ကျုံဒိုး-ချောင်းဖျားဆက်သွယ်သော ကတ္တရာလမ်းအား စေတနာသဒ္ဓါတရားထက်သန်စွာ တက်ညီလက်ညီ လုပ်အားဒါနပြု ဆောင်ရွက်ပေးနေသည်ကို ဧပြီ ၁၂ ရက်က တွေ့ရသည်။

အဆိုပါ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းပြီးစီးသွားပါက ကျုံဒိုး-ချောင်းဖျား၊ ချောင်းဖျားမှကော့ပလဲ၊ အန်းတပင်၊ ပြပတိုင်၊ ကျုံဘိုး၊ ကော့ကမာ၊ နောင်ထက်ပဲ၊ နောင်တဗွဲနဘား၊ ဝဲလစ်၊တံခွန်တိုင်၊ ထော့ကိုကိုးစသည့် ကျေးရွာများသို့ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် တစ်ရွာနှင့်တစ်ရွာ ချစ်ခင်ရင်းနှီးမှုပိုလာမည်ဖြစ်ကြောင်း ရပ်မိရပ်ဖများက ပြောကြားသည်။

နိုင်နိုင်ထွန်း (ကျုံဒိုး)

ရမည်းသင်း၌ နှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ကောင်းမှုပြုသူ များပြား

ရမည်းသင်း ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းရွာ ဘုရားကျောင်းကန်များတွင် ဒလ္လဘရဟန်းခံပွဲနှင့် တရားစခန်းကို ဥသျှစ်ပင်ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းအပါး ၃၆ ပါးဝတ်၍ ၁၀ ရက် တရားစခန်းကို ဆရာတော် ဦးကုမာရတရားပြ၍ ရွှေမြင်တင်တောင်တော်မြတ်ဘုရားတွင် ဒလ္လဘရဟန်း ၄၅ ဝါးဝတ်၍ တရားအားထုတ်ကြကြောင်း၊ စုပေါင်း၍ ဆွမ်း၊ ဘောဇဉ်များဆက်ကပ်ခြင်း၊ တစ်ဦးချင်းဆက်ကပ်ခြင်း၊ စတုဒိသာကုသိုလ်များပြုကြကြောင်း အကျိုးတော်ဆောင် ဦးတင်မြင့်ထံမှ သိရသည်။

စံပြသိမ်ကုန်းရွာသည် ရပ်ကွက်ပေါင်း ၀၂ ရပ်ကွက်ရှိပြီး အိမ်ခြေ ၂၅၀၀ ခန့်ရှိသည်။ စာသင်တိုက် ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် ကျောင်းပေါင်း ၁၃ ကျောင်းရှိသည်။ ဘာသာရေးလေးစားသောရွာ၊ ဗုဒ္ဓဘာသာဝင်များသာနေထိုင်သော စံပြကျေးရွာကြီးဖြစ်သည်။

၁၃၇၅ ခုနှစ်တန်ခူးလဆန်း ၇ ရက် မင်္ဂလာရှိသောနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ထူးထူးခြားခြား ပြုလုပ်လျက်ရှိသော နံနက်ပိုင်းတွင် ရပ်ကွက် ခြောက်ရပ်ကွက်မှ ဆရာတော်၊ သံဃာတော်များဝင့်ဖိတ်၍ ဆွမ်း၊ ဘောဇဉ်များဆက်ကပ်ပြီး ရပ်ကွက်အပင် လမ်းဆုံများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ညနေပိုင်းတွင် ကျန်ခြောက်ရပ်ကွက်မှ လမ်းဆုံများတွင် ရွတ်ဖတ်ခြင်းတို့ ပြုလုပ်၍ ဘုန်းကြီးကျောင်း ၁၃ ကျောင်းမှ ဘုရားပုထိုးစေတီများအား စုပေါင်း၍ ရေသပ္ပာယ်ခြင်း ပြုလုပ်ပြီး ကျောင်းမကျောင်းနှင့် မိတ္ထီလာကျောင်းပင်းအတွင်းရှိ ကိုးထောင်ပြည့်စေတီနှင့် အောင်မဟာဗိုဓိဘုရား၊ အောင်ဇေယျဘုရားပုထိုးစေတီများအား ရေသပ္ပာယ်သူများမြင့် စည်စည်ကားကား တွေ့ရပြီး ဘုန်းကြီးကျောင်းများတွင် စုပေါင်း၍ အချိုရည်များ ကုသိုလ်ကောင်းမှုပြုကြသည်။

တင်ဦး(ရမည်းသင်း)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၄-၂၀၁၃ (တနင်္လာနေ့)

၇:၀၃ တရားတော်
၇:၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၈:၁၀ ဇာတ်လမ်းတို
၉:၁၀ စိတ်ပျိုးသုတ
၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉:၃၃ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဟာသလွှင့်ပြင်ဒုတိယတွဲ (အပိုင်း-၉၆)
၆:၁၀ သံစဉ်လမ်းက လမ်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန်(အပိုင်း-၂၅)
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Wind Talkers" (အပိုင်း-၃)(ဇာတ်သိမ်း)
-Mini Series

နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

နှစ်ဟောင်းကုန်၍နှစ်သစ်ထူး၊တန်ခူးကစ၍ ကဆုန်ကူး နှစ်ဦး အချိန်အခါသမယ ၁၃၇၅-ခုနှစ် နှစ်ဆန်း(၁)ရက်နေ့မှစ၍

မြန်မာပြည်သူပြည်သားအပေါင်းနှင့် မိတ်ဟောင်းမိတ်သစ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊

စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံပြီး လုပ်ငန်းစီးပွားများ၊ အကြံအစည်များ၊ကောင်းကျိုးရာရာများ အားလုံးလည်း

အောင်မြင်တိုးတက်ကြပါစေကြောင်း "အီးဂဲ(လ်)ကာလာခွဲလုပ်ငန်း" မိသားစုမှ

နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

EAGLE Color Separation & CTP မိသားစု

ပြည်တွင်းရေးရာ

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၁

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၅) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် ညနေပိုင်းက အဆိုပါ စေတီတော်ရင်ပြင်တော်ပေါ်ရှိ ကျောက်ပန်းတောင်းမွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့မ ဩဝါဒါစရိယ ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့ အမှူးပြုသည့် ပရိသတ်များက ငါးပါးသီလခံယူကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြကာ ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းက ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပသည့် အကြောင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် ပုညဝဓနအသင်းမှ ဒေါ်တင်မြက ပွဲတော်ဖွင့်ပွဲရတပိုဒ်စုံဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော သီလရှင်များ၊ အမျိုးသား/အမျိုးသမီးများက ဓမ္မဂီတကထာ ရှစ်လုံးဘွဲ့ လင်္ကာများဖြင့် ပူဇော်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး ပွဲတော်ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က မီးခလုတ်နှိပ်၍ စေတီတော်မြတ်ကြီးအား စတင်မီးပူဇော်ပေးကာ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကလေးရှမိသံမိသားစု နှစ်သစ်မင်္ဂလာ ပရိတ်တရားတော်နာ

ကလေး ဧပြီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ကလေးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းမိသားစုများ၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာ အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေ ၅ နာရီတွင် တောင်သာကျေးရွာရှိ အဆိုပါထပ်ဆင့်လွှင့်စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက တောင်ဖီလာတောရစာသင်တိုက် သံဃာတော်များနှင့် တောင်သာဆရာတော်တို့ထံမှ စက်ရုံမှူး ဦးတင်ထွန်းဝင်းနှင့် ဝန်ထမ်းမိသားစုများ၊ တောင်သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ရွှေကြီးနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **(ဂျူနိုင်း)**

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှု ကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်ာန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကိုဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလုအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

-အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။

-ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။

-အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သောအဝတ် ပတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

အမေထွားပဲဆီသန့် မြေပဲဂိုဒေါင်မီးလောင်မှုဖြစ်ပွား

မကွေး ဧပြီ ၂၁

မကွေးမြို့ အောင်စေတနာ (B) အုပ်စု (၁)လမ်းနှင့် (၂)လမ်းအကြားရှိ ဦးနိုင်ချို (၅၈)နှစ်၏ (ပေ ၁၂၀ × ပေ ၆၀× ၁၈ ပေ)ရှိသော အမေထွား ပဲဆီသန့် မြေပဲဂိုဒေါင်မှာ ဧပြီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။**(ဓါတ်ပုံ)**

ယင်းမီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းကြည့်ရာ မြေပဲကုန်ကြမ်းများ သိုလှောင်ထားသော ဂိုဒေါင်အတွင်း၌ စတင်လောင်ကျွမ်းသည်ဟု သိရသည်။ မီးလောင်ရာသို့ မကွေးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ မင်းဘူးမြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ မြို့သစ်မှ မီးသတ်ယာဉ်တစ်စီး၊ ရေနံချောင်းမြို့မှ မီးသတ်ယာဉ်တစ်စီး၊ တည်ဆောက်ရေး(၈)မှ ရေသယ်ယာဉ်ခုနစ်စီး၊ ဆည်မြောင်းမှ ရေသယ်ယာဉ်နှစ်စီး၊ စက်မှုတိုင်း(၃)မှ ရေသယ်ယာဉ် နှစ်စီး၊ လေယာဉ်ကွင်းမှ ရေသည်ယာဉ်သုံးစီး စုစုပေါင်း မီးသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ် ၂၂ စီး၊ သန္ဓေမီးသတ် ၄ပ၊ အရန်မီးသတ် ၁၄၀ ဝင်ရောက် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် မြေပဲအိတ် ၃၀ မီးလောင်ကျွမ်းခံရပြီး ကာလတန်ဖိုးငွေကျပ် ၂၉ သိန်းခန့် ဆုံးရှုံးခဲ့ကာ ဂဟေဆော်သူ ဇော်နိုင်(၃၉)နှစ်အား မကွေးအမှတ်(၂) ရဲစခန်းက (ပ)၆၄/၂၀၁၃၊ ပုဒ်မ (၂၈၅)ဖြင့် အရေးယူထားကြောင်း သိရသည်။ **(မကွေး-လှမြင့်)**

မြန်မာသက္ကရာဇ် ၁၃၇၅ - ခု၊ နှစ်သစ်မင်္ဂလာဆုမွန်လွှာ

Win & San Diamonds and Fine Jewelry တွင် ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များနှင့် ကမ္ဘာသူကမ္ဘာသားများအားလုံး မြန်မာ့နှစ်သစ် မင်္ဂလာတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာ, ချမ်းသာခြင်းနှင့်ပြည့်စုံ၍ စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုးတိုးတက်ကာ အမျိုးဘာသာ သာသနာအကျိုးကိုလည်း ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်း တောင်းအပ်ပါသည်။

Diamonds and Fine Jewelry

ဦးစင်းနိုင် + ဒေါ်စမ်းစမ်း

Win & San Diamonds and Fine Jewelry မှ မြန်မာ့နှစ်သစ်မင်္ဂလာတွင် မိတ်ဟောင်းမိတ်သစ်များအတွက် ခေတ်မီဆန်းသစ်လှပသော စိန်ဖြူသန့် များအပြင် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော စက်ထည်လက်ထည် ဒီဇိုင်းအသစ်အဆန်းများကို ဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Show Room (1) ❖ အမှတ် (၃၆-C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

Show Room (2) ❖ အမှတ် (၄၅)၊ အခန်း (၁၀၂၇)၊ မြေညီထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 8600111 (Ext - 1027), 09-500-6683

ပြည်တွင်းရေးရာ

☆ရွှေဖုံးမှ

နှစ်ဆတိုးတက်လာနိုင်မည်ဖြစ်ရာ ဆိပ်ခံတံတားများ ကြံ့ခိုင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရန်ကုန် အဓိကကျသော ပို့ကုန်/သွင်းကုန်လုပ်ငန်းများကို နိုင်ငံတကာမှ သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့်အညီ ကုန်တင်/ကုန်ချလုပ်ငန်းများ လျှင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆိပ်ကမ်းများတိုး၍

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညက်ထွန်းအောင် ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိပ်ကမ်းတွင် တန်ချိန် ၂၀၀၀၀ အထက်ရှိ ရေယာဉ်ကြီးများ ဝင်/ထွက်ဆိုက်ကပ်နိုင်ရေးအတွက် MASTER PLAN ရေးဆွဲဆောင်ရွက်သည့်နေရာ၌ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ဝင်ငွေတိုးတက်ရရှိနိုင်ရေး နည်းလမ်းပေါင်းစုံကြံဆဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းများသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၏ တည်ဆောက်ခြင်းကိုလည်း နိုင်ငံတော်၏ ပို့ကုန်/သွင်းကုန် ပမာဏတိုးတက်မှုနှုန်းနှင့် လိုက်လျောညီထွေဖြစ်ရန် လိုကြောင်း၊ နိုင်ငံတော်၏အဓိက ပို့ကုန်/ သွင်းကုန်များဖြစ်သည့် စားသုံးဆီ၊ စက်သုံးဆီ၊ ကောက်ပဲသီးနှံ၊ အထွေထွေကုန်နှင့် ကုန်သေတ္တာစသည့် အမျိုးအစားအလိုက် ကုန်ပမာဏအချိုးအတိုင်း ဆိပ်ကမ်းအရေအတွက်ကို တည်ဆောက်မှသာ Balance ဖြစ်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေအရ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ကိုင်တွယ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုး၍ ဆောင်ရွက်နိုင်ရန် တစ်ကွက်လျှင် အလျားမီတာ ၂၀၀၊ အနံမီတာ ၇၅၀ ရှိသော ရေယာဉ် ၃၇ စင်း ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း ၃၇ ခု ဖော်ထုတ်ခဲ့ရာ ၎င်း ၃၇ ခုအနက် စက်သုံးဆီလုပ်ငန်းအတွက် ဆိပ်ခံတံတား ၁၁ ခု၊ ကောက်ပဲသီးနှံတင်/ချလုပ်ငန်းများအတွက် ဆိပ်ခံတံတား လေးခု၊ အထွေထွေနှင့် ကုန်သေတ္တာလုပ်ငန်းများအတွက် ဆိပ်ခံတံတား ၁၀ ခု၊ သင်္ဘောဖျက်လွှန်းကျင်းလုပ်ငန်းအတွက် ဆိပ်ခံတံတား လေးခု စုစုပေါင်း ဆိပ်ခံတံတား ၂၉ ခုကို နေရာချထားပေးခဲ့ပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများအတွက် ဆိပ်ခံတံတားတစ်ခုအား တင်ဒါခေါ်ယူထားပြီးဖြစ်ရာ စုစုပေါင်း ဆိပ်ခံတံတား ၃၀ ရှိသွားပြီဖြစ်၍ လက်ကျန် ခုနစ်ခုအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်း အထွေထွေနှင့် ကုန်သေတ္တာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် JV အနေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေရယူ၍ လည်းကောင်း ဆိပ်ခံတံတားများဆောက်လုပ်ရန် စီမံလျက်ရှိကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ စက်သုံးဆီတင်သွင်းမှုမှာ တန်ချိန်သန်းပေါင်း ၁ ဒသမ ၄၆ ရှိပြီး လယ်ယာထွက်ကုန်သီးနှံတင်ပို့မှုမှာ တန်ချိန်သန်းပေါင်း ၂ ဒသမ ၉၃ ရှိကြောင်း၊ ထို့ကြောင့် သီလဝါ ဆိပ်ကမ်း၌ရှိသော ဆိပ်ခံတံတားနေရာ ၃၇ ခုအား လုပ်ငန်းအမျိုးအစားအလိုက် ဆိပ်ခံတံတားများ ဆောက်လုပ်ရန် နေရာသတ်မှတ်ရာတွင် နိုင်ငံတော်၏ထုတ်ကုန်/သွင်းကုန် ပမာဏလိုအပ်ချက်နှင့် ကိုက်ညီစေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းများ တည်ဆောက်ပြီးစီးပါက အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ဆိပ်ကမ်းလုပ်ငန်းများ၌ အဓိကအရေးပါသောနေရာတွင် ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည် တစ်နိုင်ငံလုံး၏ Export, Import ၈၅ ရာခိုင်နှုန်းခန့်အား ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆိပ်ကမ်းများ တည်ဆောက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုအချိုးသည် လက်ရှိနိုင်ငံအနေအထားအရ နိုင်ငံတော် ၂၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင် ၇၅ ရာခိုင်နှုန်းသည် သင့်လျော်ကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးဖြစ်ထွန်းမှုမျှတမည်ဖြစ်ကြောင်း၊ ယခုသီလဝါဒေသရှိ ဆိပ်ခံတံတား ၃၇ ခုတွင်လည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ခုနစ်ခုသာဆောင်ရွက်ရန်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆိပ်ခံတံတား ၃၀ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ၂၄ ရာခိုင်နှုန်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ၇၆ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်လုပ်ငန်းများကိုလည်း ပုဂ္ဂလိကကဏ္ဍအား ပိုမိုတိုး၍ ဆောင်ရွက်နိုင်ရန် ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့်လည်း မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းအခြေအနေများ၊ သောင်တူးရေယာဉ်များဖြင့် သောင်တူးဖော်မှုနှင့် သင်္ဘောကြီးများဝင်/ထွက်ရာ ရေလမ်းကြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

မေ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး... သည် ေတာင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး... အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့... အင်းလေးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်... ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍... ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍... ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်လုပ်ငန်းရှင်များအား... အင်းလေးရှိ ဗီလာအင်းလေးဟိုတယ်၌တွေ့ဆုံပြီး ပြည်နယ်... ဝန်ကြီးများနှင့်အတူ ဟိုတယ်ဇုန်ဖော်ထုတ်မှုအခြေ...

သစ်သီးဆိုင်တန်းတွေကြောင့် လမ်းပိတ်တာလား၊ ယာဉ်နှစ်ထပ် သုံးထပ်ရပ်ကြလို့ လမ်းပိတ်ဆို့ကြတာလား

လားရှိုး မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရဲ့ မြို့လယ်ကောင်လမ်းမကြီးဖြစ်တဲ့ ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ ယာဉ်သွားလာမှုတွေ အမြဲပိတ်ဆို့နေတတ်တယ်။ ဗိုလ်ချုပ်လမ်းဟာ တစ်လမ်းမောင်းလမ်းလည်းဖြစ်တယ်။ စည်ပင်သာယာဈေးကြီး အရှေ့ဘက်မှာရှိတဲ့လမ်းဖြစ်ပြီး ဆေးရုံကြီးရှေ့ကဆင်းလာတဲ့ ကွတ်ခိုင်လမ်းမကြီးနဲ့လည်းဆုံရာနေရာလည်း ဖြစ်တယ်။ ဒီလမ်းမကြီးပေါ်မှာ ကမ္ဘောဇဘဏ်လည်းရှိတယ်။ ဗလီဝတ်ကျောင်းကြီးလည်းရှိပြန်တယ်။ မြို့လယ်အချက်အချာကျတဲ့နေရာမှာရှိတဲ့လမ်းတစ်လမ်းပါ။ ဒီလမ်းပေါ်မှာ ညနေပိုင်းတွင် ညဈေးလေးကလည်း ခဏတာခင်းပြန်တယ်။

အဲဒီလမ်းမကြီးပေါ်မှာ မနက်မိုးမလင်းခင်ကတည်းက လမ်းပေါ်ဈေးခင်းတဲ့ သစ်သီးဆိုင်တန်းတွေရှိတယ်။ သစ်သီးဆိုင်တန်းတွေဟာ ဟိုအရင်နှစ်တွေကတော့ ပလက်ဖောင်းပေါ်မှာ ထင်းရှူးသေတ္တာခွံလေးတွေနဲ့စပြီး ဈေးခင်းကြတာ။ ညဈေးလေးခင်းကြတော့ သစ်သီးသည်တွေကတရုတ်ပြည်ဘက်က လာတဲ့ပန်းသီး၊ သစ်တော်သီးတွေကို သယ်လာတဲ့ စက္ကူဖာလေးတွေ၊ ထင်းရှူးပုံးလေးတွေနဲ့ စခင်းပြီးရောင်းလာကြတာ နောက်တော့ အသီးစုံရောင်းတဲ့ဆိုင်တွေဖြစ်လာတယ်၊ ဒီဆိုင်တွေက မနက် ၅ နာရီကစခင်းတယ်။ ည ၈ နာရီ၊ ၉ နာရီအထိရောင်းကြတာ ရောင်းတဲ့အမယ်စုံလာတော့ ဈေးခင်းသူတွေက တစ်ပေလောက်ရှေ့တိုးခင်း၊ နှစ်ပေလောက်ရှေ့တိုးခင်းကြရင်းနဲ့ လမ်း တစ်ဝက်လောက်ဈေးခင်းနေကြပြီး လမ်းနှစ်ဖက်မှာရှိတဲ့ ဈေးခင်းသူရဲ့ အသီးတွေဟာလမ်းပေါ်တဖြည်းဖြည်းတိုးလာနေတယ်။ လမ်းကွေ့နေရာလေးမှာ ပိုပြီးအန္တရာယ်ရှိနေပြန်တယ်။

သစ်သီးရောင်းသူတွေရဲ့ အနောက်ဘက်မှာတော့ ယာဉ်နှစ်ထပ်မရပ်ရဆိုတဲ့ တားမြစ်ထားတဲ့ ရွှေလျားကြော်ငြာဆိုင်းဘုတ်တစ်ခုရှိတယ်။ ဆိုင်းဘုတ်လေးရဲ့ နောက်မှာတော့ ဆိုင်ကယ်တွေဟာ နှစ်ထပ်မရပ်ပါဘူး၊ သုံးထပ်ရပ်ကြတာပါ။ ဆိုင်ကယ်စတန်းပါ။ အဲဒီလမ်းရဲ့မျက်နှာချင်းဆိုင်မှာ စတိုးဆိုင်ကြီးတွေ၊ မုန့်ဆိုင်ကြီးတွေ၊ ရွှေဆိုင်ကြီးတွေအပြင် ဘဏ်တစ်ခုရှိတော့ မော်တော်ယာဉ်တွေလည်းရပ်ထားကြပြန်တယ်။ ပလက်ဖောင်းတွေရှိတယ်။ သို့ပေမယ့် သက်ဆိုင်ရာဆိုင်ရှင်တွေက ဝစ္စည်းတွေချထား၊ ပိတ်ထားကြပြန်တယ်။ ပလက်ဖောင်းပေါ် လမ်းလျှောက်မရ ဖြစ်နေကြရတယ်။**(အောက်ဝဲပုံ)**

လားရှိုးမြို့ ... ထပ်လာပြီး မော်တော်ကားတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်အငှားယာဉ်တွေ အများအပြားရှိတယ်။ ဗိုလ်ချုပ်လမ်းပေါ်မှာ မလွှဲမသွေသွားလာနေကြရတယ်။ ကျောင်းဆင်းချိန်၊ ဈေးသိမ်းချိန်၊ ညဈေးခင်းချိန်ဆိုရင် ဒီလမ်းမကြီးပေါ်မှာ လမ်းတွေပိတ်နေတတ်တယ်။ လမ်းပေါ်မှာယာဉ်တွေရပ်ထားတာ၊ သွားလာနေတာ ပစ္စည်းတင်တဲ့ လက်တွန်းလှည်းတွေသွားတဲ့အပြင် ဈေးပြန်၊ အိမ်ပြန်သူတွေ၊ လမ်းသုံးချင်သူတွေဟာ ပလက်ဖောင်းမရှိတော့ လမ်းပေါ်ကပဲသွားလာရပါတယ်။ အန္တရာယ်များလှတယ်လို့ ပြောကြပါတယ်။

စည်ပင်သာယာဈေးကြီးရဲ့ အနောက်ဘက်မျက်နှာစာမှာ ပြည်နယ်ဆေးရုံကြီးရှိတယ်။ လားရှိုးဘက်မှာနေတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး သားဖွားဖို့ ဆေးရုံကိုကားနဲ့အလာ ဒီလမ်းပေါ်မှာလမ်းပိတ်နေလို့ အခက်အခဲနဲ့ ကြုံရတယ်လို့ မိတ်ဆွေတစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။

လားရှိုးမှာနေတဲ့ ပြည်သူတွေရဲ့အသံက လမ်းပေါ်ဈေးခင်းတဲ့သစ်သီးဆိုင်တွေကြောင့် လမ်းပိတ်တာလား၊ ယာဉ် နှစ်ထပ်၊ သုံးထပ်ရပ်ကြလို့လား လူသွားလမ်းလေးနည်းနည်းပေးကြပါတဲ့။

(ဇော်လွင်-လားရှိုး)

ကွမ်းခြံကုန်းမြို့၌ အိမ်တစ်လုံးမီးလောင်

ကွမ်းခြံကုန်း မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် စွယ်တော်လမ်း အမှတ် (၁၈) အိမ်ပိုင်ရှင် ဦးပေါက်စ (ခ) ဦးကျော်မင်း (ယာဉ်မောင်း) နေအိမ်၌ မေ ၁၈ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးဘုတ်ပါယာရွှေ့ဖြစ်ကာအပူရှိန်လွန်ကဲပြီး မီးထောင်မှုဖြစ်ပွားခဲ့ရာ အိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းသန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ၊ မီးသတ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

(စိန်တိုး)

() ဂျပန်လက်ရွေးစင်မှ

မှန်ကန်မှုရှိစေရန်ပါ စနစ်တကျ ရွေးချယ်ထားသော အသင်းဖြစ်သည်။

ဂျပန်နှင့် မြန်မာလူငယ် နှစ်သင်း ခြေစမ်းပွဲပထမပိုင်းတွင် ဂျပန်အသင်းကစားပုံ ကဖြည်းဖြည်းကောင်းမွန်လာပြီး မိနစ် ၃၀ အထိ ပွဲကိုစိုးမိုးထားနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂျပန်နှင့် မြန်မာနှစ်သင်းစလုံး ဂိုးသွင်းခွင့် တစ်ကြိမ်စီ ရရှိခဲ့ကြသော်လည်း နှစ်ဖက်ဂိုးသမားများ ကောင်းစွာ ကာကွယ်နိုင်ခဲ့သဖြင့် ဂိုးမရရှိကြပေ။ နောက်ပိုင်းတွင် ဂျပန်အသင်းမှာ ကစားအားကျလာပြီး မြန်မာအသင်းက ပွဲကို စိုးမိုးထားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲပြန်စသည်နှင့် မြန်မာအသင်းက ဘောလုံးပိုင်ဆိုင်မှု ပိုမိုရရှိခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် ကျော်နိုင်ပါတ်(၉) စိုးထွန်းက ၁၈ ကိုက် စည်းစပ်မှ အပိုင်ကန်သွင်းခဲ့သော်လည်း ဂိုးသမားဆူကာဒါ လှလှပပ ပုတ်ထုတ် ကာကွယ်သွားခဲ့သည်။ မြန်မာယူ-၁၈ (ခ)အသင်းအနေဖြင့် ဒုတိယပိုင်းတစ်ချိန်လုံး ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့သော်လည်း ဂိုးကန်သွင်းမှုများကို ဂိုးသမားနှင့် နောက်တန်းကို့ ကာကွယ်ထားနိုင်ခဲ့သဖြင့် အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၇၅ မိနစ်တွင် ဂျပန်အသင်းမှာ လူစားဝင်လာသည့် ညာတောင်ပံ ကစားသမား ယူကိုကောင်တာ တိုက်စစ်ဆင်မှုမှ လွတ်လွတ်ကျွတ်ကျွတ် ဆွဲပြောကန်သွင်းယူလိုက်နိုင်သဖြင့် ဂျပန်အသင်း ဂိုးစတင်ရရှိခဲ့သည်။ မြန်မာလူငယ်ကို ဘောလုံးပိုင်ဆိုင်မှုအသာရရှိနေသော်လည်း ဂျပန်အသင်းက ထိထိရောက်ရောက် တန်ပြန်တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် မိနစ် ၈၀ တွင် ကျော်နိုင်ပါတ် (၂၂) ဆူဝီမိုတို တန်ပြန်တိုက်စစ်မှ တစ်ဦးတည်းဘောလုံးရသွားပြီး နောက်ခံလူတစ်ဦးနှင့် ရှေ့တက်လာသည့် ဂိုးသမားကိုပါ လိမ်ခေါက်သွင်းယူခဲ့သော်လည်း အံ့သြဖွယ်ဂိုးပေါက်လွဲသွားခဲ့ရသည်။ မြန်မာအသင်း ပွဲချိန် မိနစ် ၉၀ တွင် ဘောင်ကန်သောမှတစ်ဆင့် ကန်ချက်ကို ဂိုးသမားပုတ်ထုတ်ရာမှ ထပ်မံကန်သွင်းယူခဲ့ရာ ဂိုးဝင်သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံရ၍ ပွဲအပြီးတွင် ဂျပန်လူငယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ရခြင်းဖြစ်သည်။

"ကျွန်တော်တို့အသင်းအတွက် ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲပါပဲ။ ကစားသမားတွေ ကြိုးစားမှုလိုအပ်နေသေးတယ်။ အားမလိုအားမရ ဖြစ်နေတာကြာပါပြီ။ ဂိုးသမားကြောင့်သာ မြန်မာအသင်းကို ဂိုးမပေးခဲ့ရတာပါ။ မြန်မာကစားသမားတွေ ဒီပုံစံအတိုင်း ဆက်ကြိုးစားကြစေချင်ပါတယ်။ နှစ်သင်းစလုံးကို ပြောချင်တာက ဘောလုံးကို သန့်ရှင်းစွာ (Fair Play) ကစားဖို့ ဒီအရွယ်ကတည်းက ကြိုးစားလေ့ကျင့်ထားဖို့ပါပဲ။ ရာသီဥတုကတော့ ဘာမှပြောစရာမရှိပါဘူး၊ ဂျပန်မှာလည်း နွေပါပဲ။ နောက်ပွဲတွေကနေ အသင်းအတွက် အတွေ့အကြုံကောင်းတွေ ရမယ်လို့ မျှော်လင့်ပါတယ်"ဟု ဂျပန်နည်းပြ ရိုရှိဝါကီက ပြောကြားခဲ့သည်။

ဂျပန်လက်ရွေးစင် ယူ-၁၅ အသင်းသည် ယနေ့ မေ ၂၁ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ မြန်မာယူ-၁၆ အသင်းနှင့် ယှဉ်ပြိုင်ကြပြီး မေ ၂၃ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ မြန်မာယူ-၁၈(က) အသင်းဖြင့်လည်းတောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ညောင်ဦးမြို့နယ် ယဉ်ဆန်...

ညောင်ဦး မေ ၂၁

ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၌ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုမှာ ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာနေ ဒေါ်ကြံ့ အသက်(၅၅) နှစ်၏ နေအိမ်မှ စကင်မီးလောင်ခဲ့ပြီး လူနေအိမ်ခြေပေါင်း ၁၉ အိမ်၊ နွားစာဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။**(အပေါ်ပုံ)**

မီးလောင်ရာ... မီးသတ်တပ်ဖွဲ့... သစ်တောဦးစီး... တစ်စီး၊ ညောင်... စိုပြည်ရေဦးစီး... ယာဉ် တစ်စီး၊... မီးသတ်ရေယာ... ကျေးရွာသူ... စုပေါင်း၍ ဝိုင်း... မွန်းလွဲ ၂ နာရီ... မီးဘေးသင့်...

လေပြင်းတိုက် သစ်ပင်လဲ ဆို...

ရေစကြို မေ ၂၀

မေ ၁၅ ရက် သကြံ့န်အကြတ်နေ့ညနေ ၅ နာ... ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ရေစကြိုမြို့... ရှေ့မှ လက်နှစ်ဖက်စာခန့်ရှိ တမာပင်မှာ အမြစ်မှ ကျွတ်... ဆိုင်ကယ်ပေါ်သို့ ပိကျသွားခဲ့သည်။ **(ယာပုံ)**

အဆိုပါ သစ်ပင်လဲကျရာသို့ စည်ပင်ရေကစား... နေကြသူများလာရောက်ကြပြီး သစ်ကိုင်းများကို ဖြ... ပေးမှုကြောင့် လမ်းပိတ်ဆို့မှုလည်းရှင်း၊ ဆိုင်ကယ်လည်း... သစ်ပင်လဲကျမှုကြောင့် ဆိုင်ကယ်မှာ ကာဘာများကျိုးပဲ့... စီးမရအောင် ကွေးကောက်သွားခဲ့သည်။ ဇေ...

ဥ တု ရာ သီ တော...

❖ **ကျောဖုံးမှ**

မေ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ အင်းလေးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။**(အပေါ်ပုံ)** ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်လုပ်ငန်းရှင်များအား အင်းလေးရှိ ဗီလာအင်းလေးဟိုတယ်၌တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ဟိုတယ်ဇုန်ဖော်ထုတ်မှုအခြေအနေကို သွားရောက်ကြည့်ရှုခဲ့သည်။

မေ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပင်းတယဟိုတယ်နှင့် ကလောဟိုတယ်ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံမာကြားသည်။ ညနေပိုင်းတွင် ပုဂံ-ညောင်ဦးဒေသ ဧရာဟိုတယ်ခန်းမ၌ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂံဟိုတယ်ဇုန်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ **မန္တလေးဘူတာကြီးမှ**

မေ ၁၉ ရက် ည ၁၀ နာရီ ၃ မိနစ်ခန့် မီးလောင်မှုမှာ မန္တလေး မီးရထားဘူတာရုံ မြောက်ဘက်တွဲပြင်ရုံအတွင်း ပြုပြင်ရန်ရပ်ထားသော အထက်တန်းတွဲ(အိပ်စင်) တွဲအမှတ် BMCXY-12857 တွဲတွင် တွဲပြင်လုပ်သား ကိုထွန်းမင်းလတ်က ခြင်ဆေးခွေအားမီးထွန်းပြီး ပလတ်စတစ်ကြွပ်ကြွပ်အိတ်ကြိုးဖြင့် ပလတ်စတစ်ထိုင်ခုံအောက်ခြေမတွဲလောင်းချည်နှောင်ထားခဲ့ပြီး ထမင်းစားရန် အပြင်ထွက်သွားစဉ် ထိုင်ခုံဆိုဖာများအား ခြင်ဆေးခွေမှတစ်ဆင့် မီးကူးစက် လောင်ကျွမ်းခြင်းဖြစ်သည်။ အဆိုပါအထက်တန်းတွဲ (အိပ်စင်)မှ A,B,C,D အခန်းလေးခန်းရှိ D အခန်းအတွင်း မီးလောင်ကျွမ်းခြင်းဖြစ်ကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မန္တလေးရထားရဲစခန်းမှတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီတွင် မီးငြိမ်းသွားသည်။ မီးပေါ်ဆစွာသုံးစွဲသူ ထွန်းမင်းလတ်အား မန္တလေးရထားရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ မေ ၂၁ ရက် ညနေ ၄ နာရီဝန်းကျင်က မန္တလေးမီးရထားဘူတာအတွင်း ရပ်နားထားသော အထက်တန်းတွဲ (အိပ်စင်) ရထားတွဲ အမှတ် BNUEZ 12665 မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ မီးလောင်သည်ကို သိလျှင်သိချင်း အနီးရှိ မီးရထားဝန်ထမ်းများ၊ ခရီးသွားပြည်သူများက ဝိုင်းဝန်း မီးငြိမ်းသတ်ကြသည်။ မီးတောက်များထွက်လာပြီး အခြားတွဲသို့ မီးကူးစက်မှုရှိခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး မီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်ရခြင်းအကြောင်းအား စုံစမ်းစစ်ဆေးလျက်ရှိသည်။

မန္တလေးမီးရထားဘူတာရုံတွင် သုံးရက်အတွင်း နှစ်ကြိမ်မီးလောင်မှုဖြစ်ပွားသဖြင့် စိုးရိမ်စိတ်များရှိနေပြီး ဝေဖန်မှုများလည်း ရှိနေကြောင်း သိရသည်။

(ဝဝ၂)

မြို့သာစက်မှုဥယျာဉ်မြို့နှင့် ဆီမီးခုံဆိပ်ကမ်းတည်ဆောက်

မန္တလေး မေ ၂၁

မြို့သာစက်မှုဇုန် စက်မှုဥယျာဉ်မြို့သည် မန္တလေးမြို့မှ ၃၆ မိုင်ကွာဝေးသည်။ တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် စီးပွားရေး အချက်အချာကျသော နေရာဒေသဖြစ်သည်။ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၈ မိုင်ဝေးသည်။ စီမံကိန်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ဆီမီးခုံဆိပ်ကမ်းဖွံ့ဖြိုးရေး ရှစ်လမ်းသွားလမ်းမကြီး၊ လေးလမ်းသွားလမ်းမကြီး အကြမ်းထည် ပြီးစီးနေပြီး ကွန်ကရစ်လမ်းကြီး ဖောက်လုပ်ပြီးစီးပါက မန္တလေး-ဆီမီးခုံကို ၁ နာရီခွဲအတွင်း ရောက်ရှိနိုင်သည်။ စက်မှုဥယျာဉ်မြို့ အကောင်အထည်ဖော်လိုက်သဖြင့် လူဦးရေ နှစ်သိန်းခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြမည်ဖြစ်သည်။ မြို့သာနှင့် နဘူးအိုင်ကြား လုံးဝစိုက်ပျိုးနိုင်ခြင်းမရှိသော လယ်ဧက ၆၀၀၀ ကျော်ကိုလည်း စိုက်ပျိုးနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်သည်။ မြို့သာစက်မှုဥယျာဉ်မြို့တွင် စက်ရုံအလုပ်ရုံများအပြင် စာသင်ကျောင်း၊ ဆေးရုံ ဈေး၊ အားကစားကွင်းများလည်း ပါဝင်ရာ စီမံကိန်းရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၀ ရှိသည်။

စီမံကိန်းအတွင်း မပါဝင်လိုသည့် ကျေးရွာပြည်သူများအား မူရင်းအတိုင်း နေထိုင်လုပ်ကိုင်ခွင့်ပြုသည်။ မြို့သာစက်မှုဥယျာဉ် မြို့စီမံကိန်းကို အများပိုင်ကုမ္ပဏီအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်နေပြီဖြစ်ရာ အစုရှယ်ယာများကို အစုတစ်စု ငွေကျပ် တစ်သိန်းနှုန်းဖြင့် ရောင်းချနေပြီး မေ ၃ ရက်မှစ၍ အစုရှယ်ယာ ထည့်ဝင်နိုင်ကြသည်။ အစုရှယ်ယာများအား နိုင်ငံခြားသားများကို ရောင်းချပေးမည်မဟုတ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောသည်။ အစုရှယ်ယာယူနစ် သုံးသိန်းခြောက်သောင်းရောင်းချမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

✳ **အရှေ့ဘက်ကမ်းရိုးတန်းမှ**

"တောင်ကိုရီးယားအနေနဲ့ မြောက်ကိုရီးယားရဲ့ လှုပ်ရှားမှုတွေကို လေ့လာစောင့်ကြည့်နေပါတယ်။ စစ်ဘက်အနေနဲ့ မြောက်ကိုရီးယားရဲ့ ဒုံးကျည်ပစ်လွှတ်မှုနဲ့ ပတ်သက်တဲ့ ပြင်ဆင်နေမှုတွေကိုလည်း အနီးကပ်စောင့်ကြည့်နေပါတယ်"ဟု အမည်မဖော်လိုသူ တောင်ကိုရီးယား အရာရှိတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားသည် မကြာမီက လက်ရှိ ခေါင်းဆောင် ကင်မ်ဂျုံအန်၏အဘိုး ကိုရီးယားပြည်သူ့တပ်မတော်ကို ဖွဲ့စည်းခဲ့သူ ကင်မ်အီဆွန်၏ မွေးနေ့ပွဲကျင်းပခဲ့သကဲ့သို့ လာမည့် မေ ၂၅ ရက်တွင်လည်း စစ်တပ်ဖွဲ့စည်းမှုနှစ်ပတ်လည်နေ့ ဖြစ်သည့်အတွက် နှစ်ပတ်လည်အခမ်းအနားတစ်ရပ် ကျင်းပသွားဖွယ်ရှိကြောင်း၊ အဆိုပါ နှစ်ပတ်လည်နေ့တွင် ဒုံးကျည်ပစ်လွှတ်မှု သို့မဟုတ် စစ်အင်အားပြချီတက်မှုများ လုပ်ဆောင်သွားဖွယ်ရှိကြောင်း တောင်ကိုရီးယား စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

(ယူပီအိုင်)

ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာတွင် မီးလောင်မှုဖြစ်

ညောင်ဦး မေ ၂၁

ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၌ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုမှာ ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာနေ ဒေါ်ကြဲ အသက်(၅၅)နှစ်၏ နေအိမ်မှ စတင်မီးလောင်ခဲ့ပြီး လူနေအိမ်ခြေပေါင်း ၁၉ အိမ်၊ နွားစာ ဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။**(အပေါ်ပုံ)**

မီးလောင်ရာသို့ ညောင်ဦးမြို့ သနေ့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ သစ်တောဦးစီးဌာနမှ ရေသယ်ယာဉ်တစ်စီး၊ ညောင်ဦးမြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မီးသတ်ရေယာဉ် တစ်စီး၊ ဖောင်ဖွဲ့ရေးမိသားစုမ မီးသတ်ရေယာဉ်တစ်စီးတို့နှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးဘေးသင့်ခံရသူ ၁၀၉ ဦးအား ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး မှူးတို့၏ အစီအစဉ်ဖြင့် ကျေးရွာ၊ ရပ်မိ ရပ်ဖ၊ အုပ်ချုပ်ရေးမှူးတို့သည် ကယ်ဆယ်ရေးကော်မတီများ ဖွဲ့စည်းပြီး ကယ်ဆယ်ရေးစခန်းကို ဆုတောင်းပြည့်မဓာရုံဝင်းအတွင်း ဖွင့်လှစ်ကာ ထမင်းထုပ်များပေးပို့ခြင်း၊ ထောက်ပံ့ပစ္စည်းများကို လိုအပ်သလို ကူညီဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

❂ **ကော့သောင်းခရီးစဉ်မှ**

အတက်ခရီးစဉ်တွင် ချတ်ယွင်းမှုအနည်းငယ် ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ပနားမားနိုင်ငံသား အင်ဂျင်နီယာနှစ်ဦး၊ မြန်မာနိုင်ငံသား အင်ဂျင်နီယာနှစ်ဦး လာရောက်ပြင်ဆင်မှုများ ပြုလုပ်နေပြီး မေ ၂၁ ရက်အထိ ပြင်ဆင်ဆဲဖြစ်သည်။ လိုအပ်သည့်အပိုပစ္စည်းများ လဲလှယ်တပ်ဆင်ရန် သက်ဆိုင်ရာ လေယာဉ်ကုမ္ပဏီသို့ မှာယူရောက်ရှိတပ်ဆင်ပြီးမှ ဆက်လက်ထွက်ခွာနိုင်မည်ဖြစ်၍ လေယာဉ်အားကော့သောင်းမြို့လေဆိပ်တွင်ညအိပ်ရပ်နားထားဆဲဖြစ်ကြောင်း သိရသည်။

(ကော့သောင်းကျော်စိုး)

မဇင်းဆည်တွင် ရေဆင်းကူးရာမှ လူတစ်ဦးရေနစ်သေဆုံး

ပဲခူး မေ ၂၁

မေ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် နေလင်း (၂၂) နှစ် အလင်းရောင် (၁၁) လမ်း နန်းတော်ရာရပ်ကွက်နေသူသည် သူငယ်ချင်းများဖြစ်ကြသော မမာမာဦး (၁၉) နှစ် ကမ်းနားလမ်း အပြင်ကန်တော်ရပ်ကွက်၊ မခင်မာထွေး (၃၀)နှစ် အလင်းရောင် (၄) လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူနှင့် မမှမှ (၃၉)နှစ် နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူတို့နှင့်အတူ မဇင်းဆည်အတွင်း ရေဆင်းကူးကြရာမှ နေလင်းမှာ ရေနစ်သေဆုံးသွားခဲ့၍ ပဲခူးအမှတ် (၂) ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လေပြင်းတိုက် သစ်ပင်လဲ ဆိုင်ကယ်ပိ

ရေစကြို မေ ၂၁

မေ ၁၅ ရက် သင်္ကြန်အကြတ်နေ့ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ရေစကြိုမြို့တောင်စမွန်စားဆိုင်ရှေ့မှ လက်နှစ်ဖက်စာခန့်ရှိ တမာပင်မှာ အမြစ်မှ ကျွတ်ထွက်၍ ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ ပိကျသွားခဲ့သည်။**(ယာပုံ)**

အဆိုပါ သစ်ပင်လဲကျရာသို့ စည်ပင်ရေကစားမဏ္ဍပ်တွင် ရေကစားနေကြသူများလာရောက်ကြပြီး သစ်ကိုင်းများကို ဖြတ်တောက်ရှင်းလင်းပေးမှုကြောင့် လမ်းပိတ်ဆို့မှုလည်းရှင်း၊ ဆိုင်ကယ်လည်းထုတ်၍ရသွားသည်။ သစ်ပင်လဲကျမှုကြောင့် ဆိုင်ကယ်မှာ ကာဘာများကျိုးပဲ့ပျက်စီးပြီး လက်ကိုင်မှာ စီးမရအောင် ကွေးကောက်သွားခဲ့သည်။ **ဖေထွေးဇော်(ရေစကြို)**

ဥ တု ရာ သီ တော ကို မီး ၏

မိုးရွာ ဓလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီး

ပြည် မေ ၂၁

သင်္ကြန်အတက်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် မိုးရွာ၍ လေပြင်းတိုက်ခတ်မှုကြောင့် ပြည်မြို့ နစင်းရပ်ကွက် ဧရာဝတီမြစ်ကမ်းနံဘေးရှိ ချောင်းနားတန်း၊ ဖိုးချောင်းရွာ၊ နဝမြောက်၊ မာလာကုန်းရွာ၊ ဘောကကွက်သစ်၊ အနောက် လက်ခုပ်ပင်ရွာတို့၌ မျောတိုင်များဖြင့် ယာယီဆောက်လုပ်နေထိုင်သည့် တဲအိမ် ၁၁၆ လုံးမှာ သက်ငယ်များအမိုးလန်ပြီး တဲအိမ် ၁၅ လုံးမှာ ယိုင်လဲသွားခဲ့ကြောင်း သိရသည်။ **(၅၇၈)**

ဘယ်လိုစားကြမလဲ

သတင်းမှတ်စု-ဝင်းလှိုင်ဦး

ယနေ့မျက်မှောက်ကာလတွင် ပြည်သူပြည်သားအများစုသည် စားသောက်ရေးကဏ္ဍ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အချက်နှစ်ချက်ရှိပါသည်။ ဈေးနှုန်းမြင့်မားမှု၊ ဓာတုဓာတ်ကြွင်းများနှင့် ရောဂါပိုးကပ်ငြိမှုများပင် ဖြစ်သည်။

အများစု စားသုံးကြသော ကြက်၊ ဝက်၊ ငါး၊ သိုး၊ ဆိတ်၊ အမဲ စသည်မှသည် အဖုံဖုံသောအသားဟင်းလျာများ၊ ဟင်းသီးဟင်းရွက်များအတွက် ဈေးနှုန်းသည် မြင့်မားနေပါသည်။ အလယ်အလတ်နှင့် အောက်ခြေလူထု၏ တစ်နေ့ ဝင်ငွေ ကျပ် ၂၀၀၀-၃၀၀၀ ခန့်သည် အသားငါး တစ်ပိဿာ ကျပ် ၇၀၀၀-၉၀၀၀ ကြောင့် မိသားစု အာဟာရပြည့်ဝစွာ စားသုံးရေးနှင့် မြိန်ယှက်စွာ စားသောက်နိုင်ရေးကို အတန့်အတားဖြစ်နေပါသည်။

တစ်ဖက်မှကြည့်လျှင်လည်း အသားတစ်ပိဿာ ထုတ်လုပ်ရန် အစာဈေးနှုန်း၊ ရင်းနှီးမြှုပ်နှံစရိတ်၊ ပညာရှင်စရိတ်၊ သယ်ယူပို့ဆောင်စရိတ်များ ရှိနေပါသည်။ မြို့သို့ တင်ပို့ရောင်းချရေးအတွက်လည်း သားသတ်လိုင်စင်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခရှိပါသည်။ သားသတ်လိုင်စင်ရှိသူများအနေဖြင့်လည်း တစ်နှစ်လျှင် ရာနှုန်းမည်မျှတိုး၍ အခွန်ပေးသွင်းရမည်ဟူသော အစီမံများဖြင့်လည်း ဈေးနှုန်းမှာ မဆင်းနိုင်ဘဲရှိပါသည်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးစရိတ်သည်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးမှသည် ရာသီဥတု အဖျက်အဆီးများကြောင့် တုတ်လုပ်မှုစရိတ်မြင့်လျက်ရှိပါသည်။

ထိုသို့ဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု စရိတ်အပါအဝင် စည်ပင်အခွန်အထိ စားသုံးသူတို့ထံ ထည့်သွင်းထားသော ဈေးနှုန်းများကြောင့် ကျန်းမာရေးအတွက် ရွေးချယ်စားရန်မဆိုထားနှင့် ဖူလုံပြည့်ဝစွာ စားသုံးရေးကိုပင် အဟန့်အတားဖြစ်နေပါသည်။

တစ်ဖန် အပင်၊ သတ္တဝါချင်းမှသည် လူကိုကူးစက်နိုင်သော ရောဂါကပ်ဆိုးများကြောင့်လည်း သားငါးရှားပါးခြင်း၊ စားသုံးရန်အန္တရယ်ရှိခြင်းများကြောင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးပြီး စားသုံးသူများကို ထိနိုက်စေပြန်ပါသည်။ ကောက်ပဲသီးနှံများ ရောဂါပိုးကျရောက်ခြင်းကြောင့် အထွက်နှုန်းကျဆင်းကာ စိုက်ပျိုးသူရော စားသုံးသူပါ တိခိုက်မှုများ ဖြစ်ရပြန်ပါသည်၊

ယင်းကဏ္ဍများကာကွယ်ရန် များများထွက်၊ ဖြန်မြန်သီးရန် အပင်များကို ဓာတုဆေး အလွန်အကျွံ သုံးလာခြင်း၊ သတ္တဝါများကို ပမာဏအမြောက်အမြားမွေးကာ ဓာတုဆေးများဖြင့် မွေးမြူထုတ်လုပ်ခြင်းတို့ကြောင့် ယင်းဓာတုဓာတ်ကြွင်းများလည်း စားသုံးသူတို့ကို ဘေးထွက်ဆိုးကျိုး သက်ရောက်ပြန်ပါသည်။

ဤသို့ဆိုလျှင် စားသုံးသူတို့သည် သားငါးများ ဈေးကြီး၍ဝယ်မစားနိုင်၊ အချိုအချောင်ရပြန်တော့ ရောဂါက မကင်း၊ ဟင်းသီးဟင်းရွက်များကလည်း ဓာတုဆေးရန်က မကင်း၊ ဘယ်သင်းက ကောင်းမည်နည်းဟု မေးလာပါအံ့။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာနတို့၏ ထောက်ခံချက်မပါသော ရယ်ဒီမိတ်အသားများ၊ မှောင်ခိုသားငါးများ စားသုံးခြင်းကို လုံးဝရှောင်ရှားရပါမည်။ ဈေးဖိုးထက် ဆေးဖိုးက ကြီးသွားပါမည်။ ပိုးသက်ဆေး၊ ဓာတ်မြေဩဇာနှင့် ဟော်မုန်းဆေးများ အလွန်အကျွံ သုံးထားသည့်၊ အမျိုးအမည် ခွဲရန်ခက်ခဲပြီး သာမန်ထက် ထူးကဲသန်စွမ်းနေသည့်၊ ရောင်းချသူကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်မှုကို ရေရာသေချာစွာ ရှင်းမပြနိုင်သည့် ဟင်းသီးဟင်းရွက်များကိုလည်း ရှောင်ရှားရပါမည်။

ထို့နောက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ထားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များကို အားပေးကြရန်သာဖြစ်ပြီး နောက်ဆုံးကိုယ်တိုင်စိုက်ပျိုးစားသုံးခြင်းက အကောင်းဆုံးစားသုံးခြင်းသာ ဖြစ်ပါသည်၊

သားငါးကို ရံဖန်ရံခါမှသာ စားသုံးကြသော်လည်း အသီးအရွက်ကိုတော့ နေ့စဉ် စားသုံးကြရမည်ဖြစ်ပါသည်။ မိမိတွင်ရှိသည့် မြေပို၊ မြေလွတ်ကလေးများတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စိုက်ပျိုးစားသုံးခြင်းသည် ကျန်းမာရေးနှင့် ချွေတာရေးကို အထောက်အကူဖြစ်စေပါမည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ မျိုးကောင်းမျိုးသန့် ပျိုးပင်များ၊မျိုးစေ့များ စိုက်ပျိုးနည်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိရုံးများ၊ခြံများတွင် အချိန်မရွေးဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည့်။ လက်တွေ့ဆက်သွယ်စိုက်ပျိုးရန်သာ ဖြစ်ပါတော့သည်။

ဈေးကွက်စီးပွားရေးနှင့် နည်းပညာခေတ်အတွင်း စီးမျောလိုက်ပါရှင်သန်နိုင်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ပြီး ကျန်းမာရေးနှင့်ကိုက်ညီစွာ စားသုံးကြပါဟု တိုက်တွန်းလိုက်ရပါသည်။

ရပ်ထားသောကားကို ဝင်တိုက်၊ ယာဉ်မောင်းသေဆုံး

မိတ္ထီလာ မေ ၂၁

မိတ္ထီလာမြို့အရှေ့ဘက် ဇောင်ချမ်းကုန်းကျေးရွာအနီး၌ မေ ၁၀ ရက် ညနေပိုင်းတွင် ယာဉ်မောင်း ဦးကျော်ဝင်း မောင်းနှင်လာသော ၈ည/----ကောင်တာ ခြောက်ဘီးယာဉ်သည် မန္တလေးဘက်မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၄၂/၆) လုံခြုံရေးဂိတ်အရောက်တွင် ခေတ္တရပ်နားစဉ် ကောင်ငုမြို့နယ် ဇရပ်ကြီးကျေးရွာနေ ယာဉ်မောင်း ခွန်ရင်လေး (၃၅)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ခင်ဇော်(၂၇)နှစ် လိုက်ပါလာသည့် သ/--- ကောင်တာ အဖြူရောင် ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှရပ်ထားသည့် ကောင်တာယာဉ်အား ဝင်တိုက်မိသည်။ အရှိန်မထိန်းနိုင်ဘဲ နောက်ကားက ရှေ့ကားအား ဝင်တိုက်မိသဖြင့် နောက်ကားမှ ယာဉ်မောင်း ခွန်ရင်လေးမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်ရာတွင် ရရှိဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည်။ ယာဉ်နောက်လိုက် ခင်ဇော်မှာလည်း ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်တိုက်မှုကို အမှတ်(၂) ရဲစခန်းက ယာဉ်(ပ)၆/၂၀၁၃ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့် အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

ထန်းတပင်၌ ဒိုင်နာယာဉ်တစ်စီးတိမ်းမှောက်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သီတာအေးလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ခရီးသည်တင်ဒိုင်နာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ကိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် ထန်းကပင်မြို့နယ် သီကာအေးလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း အောင်ကိုမြတ် မောင်းနှင်လာသော ယာဉ်အမှတ် ၂က/----ဒိုင်နာအပြာရောင် (၉၁ ယာဉ်လိုင်း)ယာဉ်သည် မိုင်တိုင်အမှတ် (၇/၇)အရောက်တွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်အားရှောင်တိမ်းရာ လမ်း၏ဝဲဘက်ခြမ်းသို့ အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်ခဲ့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ၁၄ ဦးတို့မှာ ဒဏ်ရာများရရှိပြီး ဆေးရုံတွင်ပြင်ပလူနာအဖြစ် တက်ရောက်ကုသခဲ့ရသဖြင့် ယာဉ်မောင်း အောင်ကိုမြတ်အား ထန်းတပင်ရဲစခန်းမှ ယာဉ်(ပ)၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်၍ အရေးယူထားကြောင်း သိရသည်။

ဇော်ကြီး(ပဏိတ)

ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ ချောက်ထဲထိုးကျသေဆုံး

ညောင်ရွှေ မေ ၂၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်ကြွင်းငါးပင်တံတားတွင် ဆိုင်ကယ်တစ်စီးချောတ်အကျင်း ပြုတ်ကျရာ ဆိုင်ကယ် မောင်းနှင်သူမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် ညနေ ၅ နာရီခန့်တွင် ညောင်ရွှေမြို့ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ လှေဆိပ်ကျေးရွာနှင့် ကံလှကျေးရွာကြား အင်ကြွင်းငါးပင်တံတားတွင် ဆိုင်ကယ်တစ်စီးချောက်ထဲပြုတ်ကျကြောင်း သတင်းအရ ဒုတိယရဲအုပ်အောင်နိုင်ဦးက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ညောင်ရွှေမြို့နယ် သပြေပင်အနောက်ရွာနေ မျိုးဆွေ(၄၀)နှစ်(လယ်ယာလုပ်ကိုင်သူ)သည် ညောင်ရွှေမှ အင်းတိန်သို့သွားသည့် ကားလမ်းအတိုင်း မြောက်မှတောင်သို့ ဒရင်းအမျိုးအစား (၁၁၀)အနက်ရောင်၊ ၂၈ယ/-----ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် ကံကား၏ ရှေ့ဘက်ပေ ၂၀ ခန့်နက်သော ချောက်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်မောင်းနှင်သူ မျိုးဆွေတွင် ယာပါးဖူးရောင်ဒဏ်ရာ၊ ရင်ဘတ်ပွန်းပဲ့ဖူးရောင်၊ ဝဲဘက်ခြေသလုံးပွန်းပဲ့ ပေါက်ပြဲဒဏ်ရာနှင့် ယာဘက်လက်ကောက်ဝတ်ကျိုးသည့် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ် စိတ်သစ်
လူသစ် ဘဝသစ်

JADE Travels & Tours
(ညောင်ဦး၊ချောင်းသာ)
(နေ့ချင်းပြန် အထူးခရီးစဉ်) စားစရိတ်ပါ။
အပတ်စဉ် တနင်္ဂနွေနေ့.(8000/-)
09 73123443,09-5179754,09-43177351

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

ရွှေတိုးစည်
AIR-CON EXPRESS
50% DISCOUNT
55000
Apr 26, May 3
373275, 708342, 0949219404

ရွှေခြင်္သေ့ဆေးခန်း
ပါမောက္ခ အထူးကုဆရာဝန်ကြီးများက
Made in USA(US FDA Approved)
Bone Healing Ultrasound
246365, 395544

သင်္ကြန်အပြီး ဘယ်နေ့ပြန်ထွက်မလဲလို့ တစ်မေးတည်း မေးနေကြတဲ့ စာဖတ်ပရိသတ်ကြီးအတွက် မေ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)မှာပြန်လည်ထုတ်ဝေဖြန့်ချိပါမည်။

The Standard Time Daily

နယ်၊ရန်ကုန် သတင်းစာလပေးနှင့် ကိုယ်စားလှယ်ရယူလိုသူများ အောက်ပါကိုယ်စားလှယ်များထံ ဆက်သွယ်နိုင်ပါသည်။

ရန်ကုန်
၁။ ဦးအောင်မြင့်(ဆင်တောင်ကြီး) Ph: 095411910, 01-381834, 01-380737
၂။ ခိုင်ဇင်ဦး Ph: 095406155, 01-552803
၃။ သီတာ ၊ နီလာ Ph: 01-384939, 0973236696
၄။ တင်စိုးစာပေ Ph: 0973213826, 095101991, 01-387800
၅။ မသီတာ Ph: 095028805, 095412602
၆။ နန်းဦးစာပေ(ကိုကျော်ဝဏ္ဏစိုး) Ph: 0949325575
၇။ ဦးစိုးအောင်(မိုးကောင်းကင်စာပေ) Ph: 095042940
၈။ ကိုသန့်ဇင် Ph: 09420082479
၉။ ဂျာနယ်ဥယျာဉ် Ph: 09420761869
၁၀။ မြသော်တာ(ဦးမောင်မောင်စံ) Ph: 01-382219
၁၁။ ကိုဖိုးတုတ် Ph: 01-707980
၁၂။ ကိုမြင့်ဦး Ph: 09420252877

မန္တလေး
၁။ ထွန်းဦးစာပေ Ph: 02-39801, 092005828
၂။ နဂါးစာပေ Ph: 02-36745
၃။ Three Friends Co.,Ltd. Ph: 02-62576, 095408378

တောင်ကြီး
၁။ ကိုသူရိန်အောင်း(ပေက်နန်း) Ph: 095211314, 081-200186

နေပြည်တော်
၁။ ကိုသိန်းစိုး Ph: 09421106173

ရွှေဘို
၁။ စွမ်းထက်အောင်စာပေ Ph: 0943041157

ပြည်တွင်းရေးရာ

ဆေးဖက်ဝင်သည်ဟုအယူသီးမှုကြောင့် သင်းခွေချပ်ဈေးကွက်ကျယ်ပြန့်လာ

အာရှနိုင်ငံများရှိလူမျိုးတစ်မျိုး၏ အယူသီးမှုကြောင့် ရှားပါးတိရစ္ဆာန်များထဲ၌ပါသော သင်းခွေချပ်များ ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့်အခြေအနေ ရှိနေကြောင်း သိရသည်။ **(အောက်ယာပုံ)**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ ကျားနှင့်ကြံ့များကဲ့သို့ ရှားပါးသတ္တဝါများ မျိုးသုဉ်းမှုမဖြစ်စေရေး ကာကွယ်မှုပေးနိုင်ရန် နိုင်ငံတကာညီလာခံများ ကျင်းပဆွေးနွေးလျက်ရှိကြသည်။ လူသိနည်းပြီး ရှားပါးစပြုနေသည့် တိရစ္ဆာန်များထဲတွင် သင်းခွေချပ်မှောင်ခိုရောင်းဝယ်မှုမှာ အဆိုးရွားဆုံးအခြေအနေတွင် ရောက်ရှိနေကြောင်း နိုင်ငံတကာတောရိုင်းတိရစ္ဆာန်များ စောင့်ကြည့်ရေးအဖွဲ့က သတိပေးထားကြောင်း သိရသည်။ သင်းခွေချပ် မှောင်ခိုကူးခြင်းလုပ်ငန်း ခေတ်စားနေသောနိုင်ငံမှာ မြန်မာနိုင်ငံ အပါအဝင် အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်း စသောနိုင်ငံများ ဖြစ်သည်။ ပြီးခဲ့သည့်နှစ် မေလက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောထဲမှ ငါးများထည့်သော သေတ္တာတစ်ခုထဲတွင် ခိုးသယ်လာသော သင်းခွေချပ် အသားတန်ချိန် ခုနစ်တန်ခွဲကို ဖမ်းဆီးခဲ့ရာမှ သင်းခွေချပ်အသား ရေပန်းစားလာမှုကို ဒေသတွင်းအစိုးရများ သတိထားမိခဲ့ကြသည်။ အလားတူ မလေးရှားနိုင်ငံ၌ ရှားပါးတိရစ္ဆာန်ကုန်ကူးသည့်ဂိုဏ်းတစ်ခုက တစ်နှစ်အတွင်း သင်းခွေချပ်အကောင်ရေ ၂၂၀၀၀ ခန့် သတ်ဖြတ်ရောင်းချခဲ့ကြောင်း မှတ်တမ်းများအရ ပြောဆိုရာတွင် ဖော်ထုတ်တွေ့ရှိချက်အပေါ် အခြေခံပြောဆိုခြင်းဖြစ်သဖြင့် သက်ဆိုင်ရာအာဏာပိုင်များ မသိသေးသော မှောင်ခိုကူးမှုများ မည်ရွေ့မည်မျှရှိမည်ကို မခန့်မှန်းနိုင်ကြောင်း ရှားပါးတိရစ္ဆာန် စောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။ သင်းခွေချပ်အသားနှင့် အရေခွံကို ဝယ်ယူစားသုံးသည့် ဈေးကွက် အလွန်ကြီးမားသောကြောင့် သင်းခွေချပ်အရှင် အကောင်ကြီးတစ်ကောင်ကို အမေရိကန်ဒေါ်လာတစ်ထောင်အထိ ဈေးပေါက်နေသည်။ သင်းခွေချပ်ကောင်ရေ ထောင်သောင်းချီပြီး တရားမဝင် ရောင်းဝယ်ဖောက်ကားကြသည်မှာ များသောအားဖြင့် တရုတ်နှင့် ဗီယက်နမ်ဈေးကွက်တွင်ဖြစ်သည်။ သင်းခွေချပ်အသားကိုစားသုံးကြပြီး အရေခွံကိုဆေးဝါးအဖြစ် သုံးစွဲကြသည်ဟုဆိုသည်။ ဆေးဝါးအဖြစ်ဆိုရာတွင် ပန်းနာရင်ကျပ်ရောဂါမှ တင်ဆာရောဂါအထိ ပျောက်ကင်းသည်ဟု ဆိုပြီး သုံးစွဲခြင်းဖြစ်သည်။ ရှားပါးတိရစ္ဆာန်များ တာတွယ်စောင့်ရှောက်ရေးတွင် သင်းခွေချပ်အပါအဝင် မြွေတောက်တဲ့စသည့် ရှားပါးစပြုလာသော သတ္တဝါများကို အကာအကွယ်ပေးရေးအတွက် ကုလသမဂ္ဂမှ ပြဋ္ဌာန်းချက် သတ်မှတ်ပေးပြီး နိုင်ငံတကာဥပဒေအရလည်း အကာအကွယ်ပေးထားကြောင်း သိရသည်။ လက်ရှိ သင်းခွေချပ် စားသုံးမှုအများဆုံး ဖြစ်သည့် တရုတ်နှင့် ဗီယက်နမ် အပါအဝင် ရောင်းဝယ်ဖောက်ကားမှု

အများဆုံးဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ စသည့်နိုင်ငံများကလည်း ကုလသမဂ္ဂ၏ပြဋ္ဌာန်းချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများဖြစ်ကြသည်။ ကျား၊ ဆင်ကဲ့သို့ အကောင်ကြီး တိရစ္ဆာန်များကိုသာ ကာကွယ်ပြီး အရေးယူဆောင်ရွက်မှုများသည် ဟုဆိုသည်။ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံကလည်း သင်းခွေချပ်ကဲ့သို့ ရှားပါးတိရစ္ဆာန်များကို အကာအကွယ်ပေးနိုင်ရန် ကွန်ရက်ဖွဲ့ပြီး လုပ်ဆောင်နေကြောင်း သိရသည်။ ထို့ကြောင့် သင်းခွေချပ်သည် လူသားများအတွက် အကျိုးပြုမှု ရှိပါသလား၊ ကမ္ဘာကြီး၏ဖွဲ့စည်းမှု တည်ရှိမှုပုံသဏ္ဌာန်အရ ဇီဝမျိုးနွယ်မျှတမှု တစ်နည်းအားဖြင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမသွားရန် အလွန်အရေးကြီးပါသည်။ သင်းခွေချပ်ကို ဥပမာထားပြောမည်ဆိုလျှင် သင်းခွေချပ်များ၏ အဓိကအစာသည် ခြနှင့် အင်းဆက်ပိုးမွှားများဖြစ်သည့်အတွက် လူသားများကို တစ်နည်းတစ်ဖုံ အကာအကွယ်ပေးလျက် ရှိသည်။ အစိုးရမှ အကာအကွယ်ပေးမှုရှိလာပြီဆိုသော်လည်း မှောင်ခိုကုန်ကူးသောဂိုဏ်း၊ ဈေးကွက်ဝယ်လိုအား များလာမှုကြောင့် ထိထိရောက်ရောက် နှိမ်နင်းနိုင်မှု အားနည်းနေသေးကြောင်း သိရသည်။ တရုတ်နှင့် ဗီယက်နမ်လူမျိုးများသည် တွင်းအောင်းသတ္တဝါများကို ဆေးဝါးအဖြစ် စားသုံးမှုများလာခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများသာမက အာဖရိကတိုက် ကင်ညာနိုင်ငံနှင့် ချက်နိုင်ငံများကပါ သင်းခွေချပ် ဝယ်ယူမှုများလာသည့်အပြင် ယခု နှစ်ပိုင်းတွင် အိန္ဒိယနိုင်ငံကပါ မြန်မာနိုင်ငံကိုဖြတ်ပြီး မှောင်ခိုကူးသန်းမှုများ များပြားလာသည်ဟု ဆိုသည်။ သင်းခွေချပ်အသားနှင့် အရေခွံသည် ရောဂါပေါင်းစုံ ကုစားနိုင်သည်ဆိုသည်မှာ အယူသီးမှုတစ်ခုသာဖြစ်ကြောင်း၊ ဆေးပညာအရ သင်းခွေချပ်အသားကို စားသုံးပြီး အရေခွံနှင့်ကုစားခြင်းအားဖြင့် အနာရောဂါပျောက်ကင်းသည်ဆိုသည်မှာ သက်သေပြမှုမရှိသေးဘဲ။ အယူသီးမှုတစ်ခုသာ ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်များစောင့်ကြည့်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသွားကြောင်း သိရသည်။

မကွေးလှမြင့်

ဘုရင့်နောင်ခုံးကျော်တံတား လမ်းလွှဲများဖောက်လုပ်ပြီးစီး

ရန်ကုန် မေ ၂၁

ဘုရင့်နောင်ခုံးကျော်တံတားများ တည်ဆောက်ရေးလုပ်ငန်းခွင်ရှိသော အပိုင်းလေးပိုင်းစလုံးတွင် လမ်းလွှဲများ ဖောက်လုပ်ပြီးစီးသွား၍ သင်္ကြန်ပွဲတော်အလွန်တွင် နောက်ဆုံးအပိုင်း (၄)သမိုင်းဘူတာရုလမ်းအထက်ဘက် (ဘူတာဘက်ခြမ်း)တွင် လမ်းလွှဲများ စတင်အသုံးပြုနေကြောင်း၊ သို့ဖြစ်၍ ယင်းအပိုင်းတွင် မိုင်တိုင်များ စိုက်တူရန် မြေပြင်လုပ်ဆောင်မှုများကို စက်ယန္တရားကြီးများဖြင့် ပြင်ဆင်လုပ်ကိုင်နေသည်ကို တွေ့မြင်နေရပြီဟု ယင်းလမ်းလွှဲအတိုင်းသွားလာသူ ခရီးသွားတစ်ဦးက ဆိုသည်။ အပိုင်းသုံးပိုင်းစလုံးရှိ လမ်းလွှဲများတွင် ယာဉ်ကြောနှစ်ကြောစီ မောင်းနှင်နိုင်သော်လည်း အဆိုပါ အပိုင်း(၄)တွင် ယာဉ်ကြောတစ်ကြော ဝန်းကျင်သွားလာနိုင်သဖြင့် ခရီးသည်တင်ယာဉ်ကြီးများအား ဘုရင့်နောင်လမ်းဆုံ ရှောင်မောင်းနှင်မှု ပြုလုပ်စေခဲ့ကြောင်း၊ ဘုရင့်နောင်လမ်းမတစ်လျှောက်တွင်မူ ခရီးသည်တင်ယာဉ်ကြီးများ မူလလမ်းကြောင်းအတိုင်း သွားလာနေသေးကြောင်း ဘုရင့်နောင်လမ်းဆုံတွင် အလုပ်ဆင်းသူများက ဆိုသည်။

ယခုအခါ ဘုရင့်နောင်လမ်းမကြီး၏ လမ်းဆုံအထက်ဘက်ခြမ်းနှင့် ဘုရင့်နောင်တံတားချဉ်းကပ်လမ်းဘက်ခြမ်းတို့တွင် တံတားတိုင်ကြီးများပီပြင်စွာ ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း၊ ဘုရင့်နောင်လမ်းအောက်ဘက်ခြမ်းတွင် သမိုင်းချောင်းကူးတံတား တိုးချဲ့ခင်းကျင်းခြင်း အောက်ဘက်ခြမ်း ပြီးစီး၍ အသုံးပြုနေပြီဖြစ်ကြောင်း၊ အပိုင်း(၄)တွင် တံတားတိုင်တူးရန် တွင်းတူးပြင်ဆင်နေသည်ကို မြင်တွေ့နေရပြီဟု မျက်မြင်တွေ့မြင်ရသူများက ဆိုသည်။

ခုံးကျော်တံတားနှစ်ထပ်စလုံး ၂၀၁၃ ခုနှစ် နှစ်ကုန်တွင်တည်ဆောက်မှုပြီးစီးရန် တည်ဆောက်ရေးအဖွဲ့များက ကြိုးပမ်းလုပ်ဆောင်နေရာ တံတားများ ပြီးစီးအသုံးပြုချိန်တွင်လည်း ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ တရားဥပဒေစိုးမိုးမှု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွင် လိုက်နာမှု ပိုမိုရှိရေးကို လူထိုင်းလိုက်နာကျင့်သုံးရန် အထူးအရေးကြီးကြောင်း၊ သို့မှသာ သက်ဆိုင်ရာမှ ငွေကြေးအမြောက်အမြားအကုန်အကျခံကာ တည်ဆောက်နေသော ခုံးကျော်တံတားကြီးများကြောင့် ရန်ကုန်မြို့၏မြင်ကွင်းအလှ ပိုမိုလှပစေသကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးသွားခြင်းဖြင့် အများပြည်သူ နေ့စဉ်တွေ့ကြုံခံစားနေရမှုများ ပပျောက်သွားမည်ဟု လမ်းသွားလမ်းလာပြည်သူများက ဆိုသည်။ **(မောင်စေအောင်)**

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး နှစ်စဉ် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု လျော့နည်း

နေပြည်တော် မေ ၂၁

ယခုနှစ် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အမျိုးသားစရိုက်ပြည့်ဝစွာ ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်ခဲ့မှုကြောင့် ယခင်နှစ်ထက်မှုခင်းဖြစ်ပွားမှု လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ဘိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှုအားနည်းသူတချို့ကြောင့် ယခုနှစ် သင်္ကြန်ကာလအတွင်း လူသတ်မှုသုံးမှု၊ ယာဉ်တိုက်မှု ၂၂ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၅၆ မှု၊ ဝတ္ထုရားနှောင့်ယှက်မှုသုံးမှု၊ မှုးယစ်ရမ်းကားမှု ၂၂ မှု၊ ခါးပိုက်နှိုက်/ ခိုးမှု ၃၉ မှု၊ ကာယိန္ဒြေဖျက်ဆီးမှု ငါးမှု၊ သေမှုသေခင်း ၁၀ မှု၊ မီးရှို့မှုတစ်မှု၊ လက်နက်ကိုင်ဆောင်မှု ခြောက်မှု၊ အခြားအမှု ၁၀ မှု စုစုပေါင်း ၁၇၇ မှု ဖြစ်ပွားခဲ့ပြီး ၃၂ ဦးသေဆုံးကာ ၁၉၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိမှုမှာ လူသတ်မှုကြောင့် သေဆုံးသူသုံးဦး၊ ဒဏ်ရာရရှိသူ တစ်ဦး၊ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၄ ဦး၊ ဒဏ်ရာရရှိသူ ၁၁၀၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၇၄ ဦး၊ ဝတ္ထုရားနှောင့်ယှက်မှုကြောင့် ဒဏ်ရာရရှိသူသုံးဦး၊ သေမှုသေခင်းကြောင့် သေဆုံးသူ ၁၅ ဦး၊ ကာယိန္ဒြေဖျက်ဆီးမှုကြောင့် ဒဏ်ရာရရှိသူနှစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

အပျော်လွန်တဲ့မှုများကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် မိမိအတွက်၊ မိမိတိုင်းပြည်အတွက် ကောင်းမြတ်သောလုပ်ငန်းစဉ်များကို ရွေးချယ်လုပ်ကိုင်ကာ စိတ်သစ်လူသစ် အားမာန်အသစ်တို့ဖြင့် ရှေ့ဆက်ဆောင်ရွက်ကြပါရန်တိုက်တွန်းလိုက်ရပါသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၄-၂၀၁၃ (တနင်္လာနေ့)

၅း၄၀ "မျှတမှု တရားရှု" တရားတော် (ဆရာတော်အရှင်ပညာနန္ဒ)
၄း၅၀ Building A Balanced World
၆း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၃၉)
၇း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာ ရွှေဖူးစာ" (အပိုင်း-၄)
၈း၁၅ PAST&PRESENT SOE THU Live Show (Part-5)
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၈၃)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစမ်းသော" (အပိုင်း-၂၇)

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Man U - Aston Villa	(Fox Sports)

Spain Laliga ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Celta De Vigo - Real Zaragoza	(Star Sports)

✳ ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်

၁။ ဆံပင် ညှပ် အမျိုးသား/အမျိုးသမီး ဒီဇိုင်းစုံကျွမ်းကျင် ကောက်/ဖြောင့်/ဆေးဆိုး	ကျား/မ
၂။ လက်သည်း၊ ခြေသည်း ဘာသာစုံကျွမ်းကျင်	မ
၃။ Shampoo ကျွမ်းကျင်	မ
၄။ အလုပ်သင်	မ

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်ပြေပြစ်၍ဆက်ဆံရေးကောင်းမွန်ရမည်။ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာ၊ %၊ ဘောက်ဆူး ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများ C.V Form၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ အမှတ်(၁၀၉) မြေညီထပ်၊ (၅၂)လမ်း အလယ်ဘလောက်၊ Up Date Beauty Corner သို့ လူကိုယ်တိုင် အမြန်ဆုံး လျှောက်ထားပါရန်။ ဖုန်း- ၀၉၇၃၀၅၃၁၂၃၊ ၀၁-၂၉၅၄၈၃

အနုပညာ

ဟောင်ကောင်ကြွေလွင့်ကြယ်ပွင့်အမှတ်တရ ကြိုးကြာငှက်ရုပ်ခေါက်ပြိုင်ပွဲကမ္ဘာ့ဂင်းနစ်စံချိန်သစ်တင်

၂၀၀၃ ခုနှစ်က ကြွေလွင့်ခဲ့ရသော ဟောင်ကောင် အနုပညာကြယ်တစ်ပွင့်ဖြစ်သည့် ဂီတပညာရှင်၊ ရုပ်ရှင်မင်းသား Leslie Cheung အတွက် အမှတ်တရကြိုးကြာငှက်ရုပ်ခေါက်ပြိုင်ပွဲတွင် Leslie ၏ ပရိသတ်များက ကြိုးကြာငှက်ရုပ်ပေါင်း ၁၉၅၆၉၁၂ ရုပ်ခေါက်နိုင်ခဲ့ပြီး ကမ္ဘာ့ဂင်းနစ်စံချိန်သစ် တင်နိုင်ခဲ့ပြီဖြစ်သည်။

ဟောင်ကောင်၏ ထိပ်တန်းအင်တာနက်ဝက်ဘ်ဆိုက် ၁၀ ခု၏ သတင်းဖော်ပြချက်အရ Leslie Cheung ၏ မန်နေဂျာဟောင်းဖြစ်သူ Florence Chan အား အဆိုပါ ကြိုးကြာငှက်ရုပ်ခေါက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခြင်းခံခဲ့ရကြောင်းနှင့် ယခုရရှိခဲ့သည့် ကြိုးကြာအရေအတွက်သည် Leslie Cheung ၏ မွေးထက္ကရာဇ်ကို ဂုဏ်ပြုကာ ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲမှာ မေ ၁ ရက်တွင် အဆုံးသတ်မည်ဖြစ်ပြီး ပြိုင်ပွဲမှရရှိသည့် ကြိုးကြာငှက်ရုပ်များကို Leslie Cheung သက်ရှိစဉ်က နေထိုင်ရာခဲ့သည့်နေရာသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ယင်းလှုံ့ဆော်ပွဲမှ အခကြေးငွေရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၏ ပရဟိတလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားနိုင်ရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးရရှိရန်အတွက် ပရဟိတလုပ်ငန်းများသို့ ယင်းအမှတ်တရများကို လုံးဝရောင်းချသွားမည် မဟုတ်ကြောင်းနှင့် သရုပ်ဆောင်များအားလည်း ယခုပွဲများအတွက် လက်မှတ်ဝယ်ယူရန် တိုက်တွန်းခြင်းများ မပြုလုပ်ခဲ့ကြောင်း Florence Chan က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်ဝတ္ထုကိုအခြေခံရိုက်ကူးမည့် သိပ္ပံဇာတ်ကား မင်းသားတွမ်ခရုဇ် ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်မင်းသားကျော် တွမ်ခရုဇ်က ယခုလက်ရှိတွင် နိုင်ငံတကာ၌ ပြသလျက်ရှိသည့် Oblivion စိတ်ကူးယဉ် သိပ္ပံဇာတ်ကားတွင် အောင်မြင်မှုများ ရရှိခဲ့ပြီးနောက် ယခုတစ်ဖန် ဂျပန်စာရေးဆရာ Chohei Kamayashi ၏ ဂျပန်ဝတ္ထုဇာတ်လမ်းတွဲကို အခြေခံပြီး ရိုက်ကူးမည့် Yukikaze ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Yukikaze ဇာတ်ကားတွင် အနာဂတ်ကတိုက်အတွင်းသို့ အာကာသအတွင်းမှ ပြိုဟ်သားများက အင်အားအလုံးအရင်းနှင့် ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြပြီး ၂၀ ရာစုအစောပိုင်းကာလတွင် လူသားတို့က ပြန်လည်တိုက်ခိုက်ကြပြီး ကမ္ဘာမြေကြီးအား ကယ်တင်ခဲ့ပုံများကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

ဇာတ်ကားထုတ်လုပ်ရေးပိုင်းအနေဖြင့် We Mortals Are ဇာတ်ကားတွင် မင်းသားတွမ်ခရုဇ်နှင့် လက်တွဲဖော်များဖြစ်ကြသည့် အမေရိကန်နိုင်ငံ၏ နာမည်ကျော် ရုပ်ရှင်ထုတ်လုပ်သူ Erwin Stoff နှင့် Tom Lassally တို့က ထုတ်လုပ်ကြမည်ဖြစ်ပြီး ရိုက်ကူးမည့်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာတို့ကိုလည်း ကမ်းလှမ်းထားပြီးဖြစ်ကြောင်း သိရသည်။

We Mortals Are ဇာတ်ကားသည် အမေရိကန်ရုပ်ရှင်ဒါရိုက်တာ Doug Liman ၏လက်ရာ ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် တွမ်ခရုဇ်က မင်းသမီး Emily Blunt နှင့်အတူ သရုပ်ဆောင်ထားသည်။

ထို့ပြင် ယခုလက်ရှိတွင် ဝင်ငွေကောင်းပြီး လူကြိုက်များနေသည့် တွမ်ခရုဇ်၏ Oblivion ဇာတ်ကားကို အမေရိကန်နိုင်ငံ တစ်ဝန်းနှင့် စင်ကာပူတို့တွင် ပြသလျက်ရှိကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် - စုစည်းသည်

(၇၁) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနား ၂၀၁၄ ဇန်နဝါရီတွင် ကျင်းပမည်

(၇၁)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပသွားနိုင်ရန် စီစဉ်ထားကြောင်း ဆုပေးပွဲကျင်းပရေး တာဝန်ရှိသူများက ဧပြီ ၁၉ ရက်က ကြေညာခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားသည် ၂၀၁၃ ခုနှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများနှင့် ယင်းဇာတ်ကားများမှ သရုပ်ဆောင်များအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားကို ကယ်လီဖိုးနီးယားပြည်နယ် Beverly Hills ရှိ Beverly Hilton ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအစီအစဉ်များကို NBC ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဆုပေးပွဲအခမ်းအနားအတွက် ဆန်ခါတင်ဆုရှင်များစာရင်းကို ကြေညာပေးသွားမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားအတွက် တာဝန်ယူတင်ဆက်ပေးမည့် အစီအစဉ်မှူးများကိုမူ ယခုအချိန်ထိ ထုတ်ဖော်ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်ဘက်မပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေပြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A, H.G.P, R.L, D.I.L, DMA, D.B.A (USA), Ph.D (Law) (USA)
ဧပြီလ ၂၉ ရက်နေ့တွင် ထမ်းပွင့်လှစ်မည်
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခြံ)
ကျောင်းကား Ferry စီစဉ်ပေးသည်
● အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
● အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
● ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
အမှတ် (၅၈) ၂၀၁၃ ဧပြီ ၂၂ မှ ၂၀၁၃ ဧပြီ ၂၈
တာလီဘန်အဖွဲ့၏ ပစ်မှတ်များ
ဟန်ဆောင်ကောင်းသည့် ဘီဘီစီ သတင်းထောက်များ
တရုတ်ကုန်းတွင်းပိုင်းဒေသများဖွံ့ဖြိုးရေးနှင့်ယန်စီမြစ်၏ အရေးပါမှု
အစ္စရေးက အီရန်အား ကိုယ့်သဘောဖြင့် တိုက်ခိုက်လျှင် အမေရိကန် ဘာလုပ်မှာလဲ
အမေရိကန် ထောက်လှမ်းရေးအဖွဲ့များ မြောက်ကိုရီးယားကို သုလ္လိုလုပ်ရန်မလွယ်ကူ
ကာကွယ်ရေးအသုံးစရိတ် ဖြတ်လျှော့လျှင် သံခင်းတမန်ခင်းကို ထိခိုက်မည်
ဘော့စတွန်မာရသွန်၏ ကြေကွဲဖွယ်ရာ တနင်္လာ ○ အေးချမ်းသူတို့၏ မြို့တော် အကြံတူ၍ မိတ်ဆွေဖြစ်လာကြသည့် အီရန်နှင့် မြောက်ကိုရီးယား ○ မငြိမ်းချမ်းနိုင်သေးသည့် ကိုရီးယားကျွန်းဆွယ် ○ သိပ္ပံနှင့် နည်းပညာသတင်းများ ...
○ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ ... ○ ပြည်ပအားကစားသတင်းများနှင့် သတင်းထူးသတင်းဆန်းများ ပြည့်ပြည့်စုံစုံဖတ်ရှုရမည်။
ထွက်ပြီ
ကြော်ငြာနှင့် ဖြန့်ချိရေးဖုန်း - ၂၉၁၈၃၃၊ ၂၉၂၈၃၀၊ ၂၉၉၄၂၇

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

မျိုး
380164
09 5017088
09 8626524
ခရီးစဉ်အမျိုးမျိုးနှင့် လေ လက်မှတ်
ကားများ ငှားရမ်းနိုင်သည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမဏိလိုက်သည့် အဆောင့်မြင့် စတီး တလီတ်စားသွားဆူးကြိုးများကို
စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်း၍ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၃၄/A)၊ ကမ္ဘာအေးစေတီလမ်း (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ - အမှတ်(၅၀၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း၊ ၂ ဖျော်ဖြေရေးမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ - အမှတ်(၁၅၄/B)၊ ၇၃လမ်းမကြီး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။
Ph:02-73191, 09-5140655, 09-402571300

ဓိနိုဝင်းနှင့်ရောင်းရင်းများ
ကျိုက်ထီးရိုး - ချောင်းသာ(နေ့စဉ်) ▲ ငပလီ(တနင်္ဂနွေ)
▲ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လဲ့၊ ထမ်းဆိမ့ရွာ ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံဖူး ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ ခရီးစဉ်
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ရွှေလပို့တောင် ခရီးစဉ်
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ခရီးစဉ်
အပတ်စဉ်ထွက်ခွာ
249871, 255553, 389611, 09-5137245

အားကစား

ဒဗလျူဘီအို လိုက်ဟဲဗီးဝိတ်ချန်ပီယံအဖြစ် ကလီဗာလီရပ်တည်

လက်ဝှေ့အကျော်အမော်နေသန်ကလီဗာလီသည် ဝင်ဘလေကွင်းကြီး၌ ဂျာမန်ပြိုင်ဘက် ရော်ဘင်ကရက်စနီကီနှင့် ဒဗလျူဘီအိုလိုက်ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲကို ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကလီဗာလီသည် ကရက်စနီကီကို အလဲထိုးကာ ၎င်း၏ဒဗလျူဘီအိုလိုက်ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းနိုင်ခဲ့သည်။

နေသန်ကလီဗာလီသည် ၎င်း၏ဒဗလျူဘီအိုလိုက်ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကိုဆက်ခံရန် ပင်ဘလေကွင်းကြီး၌ ပြိုင်ဘက်ကရက်စနီကီကို ၁၂ ချီဖြင့် အလဲထိုးကာ ရက်စက်စွာအနိုင်ယူခဲ့ခြင်းလည်း ဖြစ်သည်။

ကလီဗာလီသည် ၂၀၁၁ ခုနှစ်အတွင်းက တိုနီဘယ်လူးကို အနိုင်ရရှိခဲ့ချိန်မှစ၍ စိတ်ပျက်ဖွယ်ကောင်းသော လက်ဝှေ့ထိုးသတ်မှုပုံစံဖြင့်သာ ကျေနပ်ခဲ့ရပြီး လက်ရှိကရက်စနီကီကို အနိုင်ယူနိုင်ခဲ့ချိန်မှသာ ယခင်စွမ်းဆောင်မှုပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ကရက်စနီကီသည် ကိုဆိုဗိုတွင် မွေးဖွားခဲ့ပြီး ၎င်း၏ပြီးခဲ့သည့် ယှဉ်ပြိုင်ထိုးသတ်မှု ၃၈ ကြိမ်တွင် အနိုင်ရရှိသည်။ သို့ရာတွင် လွန်ခဲ့သော ၁၂ လတာကာလအတွင်းက ကလီဗာလီနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် ငြင်းဆိုခဲ့သည်။

သို့ရာတွင် ကလီဗာလီသည် နောက်ဆုံးအချိန်တွင် အခက်အခဲများ ကြုံခဲ့ရသော်လည်း နောက်ဆုံးတွင် ပြိုင်ဘက်ကရက်စနီကီကို အလဲထိုးနိုင်ခဲ့ပြီး ၎င်း၏ဒဗလျူဘီအိုလိုက်ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ရှင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

ရွန်းနီကိုခေါ်ယူနိုင်မည်ဟု ပီအက်စ်ဂျီယုံကြည်ထားပြီး နာနီကိုလည်းစိတ်ဝင်စားနေ

ဖြင်သစ်ပထမတန်းကလပ်၏ ငွေကြေးအချမ်းသာဆုံးဖြစ်သည့် ပီအက်စ်ဂျီအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်္ဂလန်နှင့် မန်ယူတိုက်စစ်မှူးရွန်းနီအား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဟု လက်ခံယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူးရွန်းနီကိုစိတ်ဝင်စားနေသည့်အဖြင့် ရွန်းနီ၏ မန်ယူကစားဖော် တောင်ပံကစားသမား နာနီကိုလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

မန်ယူတိုက်စစ်မှူးရွန်းနီသည် လာမည့်နှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီတိုက်စစ်မှူးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပီအက်စ်ဂျီအားကစားအကြံပေး အရာရှိဟောင်းဖြစ်သူ မီခေးလ်မော်လင်က ပြင်သစ်ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

ရွန်းနီသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျော်ရှိနေသေးသော်လည်း ၎င်းသည် ပီအက်စ်ဂျီအသင်း၏ အဓိကပစ်မှတ်ဖြစ်ကြောင်းနှင့် ပီအက်စ်ဂျီတိုက်စစ်မှူး ဖြစ်လာလိမ့်မည်ဟုလည်း ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ နက်ဆာအယ်လ်ခီလိုင်ဖီက ပြောကြားခဲ့သည်။

ထို့အပြင် ပီအက်စ်ဂျီတိုက်စစ်မှူး ဇလက်တန် အီဘရာဟီမိုဗစ်ချ်ကလည်း ရွန်းနီအား ပီအက်စ်ဂျီသို့ ပြောင်းရွှေ့လာရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ထိပ်ဆုံးလေးသင်းစာရင်းမဝင်ပါက ဂါရတ်ဘေးလ်ကိုဆုံးရှုံးနိုင်ကြောင်း စပါးအား ဆီဂတ်ဆန်သတိပေး

လန်ဒန်မြောက်ပိုင်း အခြေစိုက် တော့တင်ဟမ်ဟော့စပါး အသင်းအနေဖြင့် တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ဆက်လက်ထိန်းထားနိုင်ရေးအတွက် ယခုနှစ်ဘောလုံးရာသီ ကုန်ပါက ပရီမီယာလိဂ်အမှတ်ပေးဇယား၏ ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန် လိုအပ်ကြောင်းကို ဂါရတ်ဘေးလ်၏ စပါးအသင်းဖော် ဆီဂတ်ဆန်က သတိပေးလိုက်သည်။

ထို့အပြင် ဆီဂတ်ဆန်သည် စပါးအသင်း၏ ပေါင်သန်း ၁၀၀ တန်ဖိုးရှိ ဂါရတ်ဘေးလ်အား စပိန်လာလီဂါကလပ် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့က ပစ်မှတ်ထားနေကြောင်းနှင့် စပါးအသင်း ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းစာရင်း မဝင်ပါက စပါးစပါစတား ဂါရတ်ဘေးလ်ကို ဆုံးရှုံးရနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

စပါးအသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် တောင်ပံကစားသမား ဂါရတ်ဘေးလ်အား အသင်းမှ ထွက်ခွာမသွားရေး ထိန်းသိမ်းသွားရန်လိုအပ်နေကြောင်းလည်း ဆီဂတ်ဆန်က အရိပ်အမြွက် ပြောကြားခဲ့သည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ယခုနှစ်ပရီမီယာလိဂ်၏ တစ်နှစ်တာအကောင်းဆုံး ဆုရှင်အဖြစ် ရေပန်းစားနေသူတစ်ဦးအဖြစ် သတင်းများ ထွက်ပေါ်လျက်ရှိခြင်းကြောင့် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ် အပါအဝင် အခြားကလပ်အသင်း အတော်များများက စိတ်ဝင်စားနေကြကြောင်းလည်း သိရသည်။

နိုင်လင်းကြည်

အန်ဒီကာရိုးအား အမြဲတမ်းစာချုပ်ချုပ်ဆိုရန် ဝက်စ်ဟမ်းစီစဉ်

